# ကြေးမုံ

# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 31 January 2024 ၁၁၃၅၇


**ကောင်းမှုပွားများခြင်းက**
**နှစ်တန်သောဘဝ ချမ်းသာစေတတ်**

ကောင်းမှုကိုအကယ်၍ တစ်ကြိမ်တစ်ခါ ပြုမိလျှင် ထိုကောင်းမှုကို ထပ်ခါထပ်ခါ ပြုရာ၏၊ ထိုကောင်းမှု၌ စိတ်အလိုဆန္ဒကိုလည်း ဖြစ်စေရာ၏၊ (အကြောင်းမူကား) ကောင်းမှုပွားများခြင်းသည် ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝတို့၌ ချမ်းသာခြင်းကို ဖြစ်စေတတ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စု တစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုး မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ပဲခူးမြစ်ကူးတံတား(သန်လျင်တံတားအမှတ်-၃) တည်ဆောက်ပြီးစီးမှုကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်က တွေ့ရစဉ်။

## မကြာခင်ဖွင့်လှစ်နိုင်တော့မည့် သန်လျင်တံတား အမှတ် - ၃ ကြောင့် သန်လျင်မြို့နယ်၌ အိမ်ခြံမြေဈေးကွက် အရောင်းအဝယ်သွက်နေ

ရန်ကုန် ဇန်နဝါရီ ၃၀

မကြာခင်ဖွင့်လှစ်နိုင်တော့မည့် သန်လျင်တံတား အမှတ် - ၃ ကြောင့် သန်လျင်မြို့နယ်တွင် အိမ်ခြံမြေဈေး ပိုကောင်းလာနိုင်ကာ အရောင်းအဝယ်သွက်နေကြောင်း အဆိုပါမြို့နယ်ရှိ အိမ်ခြံမြေရောင်းဝယ်ရေးအသိုင်းအဝိုင်းများထံ မေးမြန်းထားသည့် အချက်အလက်များအရ သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪

## အင်ဂျင်ဝိုင်အဟောင်းနှင့် စားသုံးဆီအဟောင်းများကိုသုံးနိုင်သည့် မီးဖိုကို ကျိုင်းတုံမြို့၌ ကိုယ်ပိုင်ဒီဇိုင်းဖြင့် ထုတ်လုပ်

ရန်ကုန် ဇန်နဝါရီ ၃၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင် ကိုယ်ပိုင်ဒီဇိုင်းဖြင့် ဖန်တီးထားသည့် အင်ဂျင်ဝိုင်အဟောင်းနှင့် စားသုံးဆီအဟောင်းများသုံးနိုင်ကာ ဂတ်စ်လုံးဝအသုံးပြုရန်မလိုဘဲ ဂတ်စ်မီးဖိုကဲ့သို့ မီးတောက်နိုင်သော မီးဖိုကို လူစိတ်ဝင်စားကာ ဝယ်ယူမှုများနေကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၃ သို့ ☆



### ယနေ့ ဖတ်စရာ

ရေဝပ်ဒေသများသည် ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုအမျိုးမျိုးကို ပံ့ပိုးပေးလျက်ရှိပြီး ရာသီဥတုသာယာမျှတစေရန် ထိန်းညှိပေးခြင်းဖြင့် ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေကာ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုလျက်ရှိပါသည်။ ရေဝပ်ဒေသများသည် ငါး၊ ပုစွန်၊ ကဏန်း စသည့် ရေထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ရရှိရေး၊ စားရေရိက္ခာဖူလုံရေး၊ ရေချိုသယံဇာတများရရှိရေးအတွက်လည်း အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်နေသဖြင့် ရေဝပ်ဒေသများကို စဉ်ဆက်မပြတ်ထိန်းသိမ်းကြရမည်

ဆောင်းပါး စာမျက်နှာ » ၆

**နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း**

စာမျက်နှာ » ၃

**ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီသို့ ခရီးသွားများဝင်ရောက်မှု များပြား**

စာမျက်နှာ » ၅

**နတ်တလင်းမြို့နယ်အတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးလျက်ရှိသည့် ယောက်ျားကြီး ငါး ငါးပိထုတ်လုပ်ဖြန့်ချိရေးလုပ်ငန်း**

တွေ့ဆုံမေးမြန်း စာမျက်နှာ » ၁၇

ကြေးမုံ

# တိုင်းပြည်အကျိုး ရည်မှန်းချက်အရှိန်အဟုန်တိုး

နိုင်ငံတစ်နိုင်ငံတွင် မည်သည့်အခြေအနေတွင် ရှိနေသည်ဖြစ်စေ မဖြစ်မနေ ဆောင်ရွက်နေရမည့်ကိစ္စသည် စီးပွားရေးဖြစ်သည်။ စီးပွားရေးကောင်းမွန်ပါမှ နိုင်ငံရေး၊ လုံခြုံရေး၊ လူမှုရေးစသည်ဖြင့် အစစအရာရာ ကောင်းမွန်လာအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းရာ၌ အစိုးရတစ်ရပ်နှင့်တစ်ရပ် အကောင်အထည်ဖော်မှုများ မတူညီသဖြင့် လိုအပ်ချက်များရှိမည်ဖြစ်သည်။

နိုင်ငံ့စီးပွားရေးတွင် ၂၀၁၇ နှောင်းပိုင်းကာလမှစ၍ စီးပွားရေးကျဆင်းခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ နိုင်ငံ့တာဝန် စတင်ထမ်းဆောင်ချိန်တွင် နိုင်ငံ့စီးပွားရေး အနုတ် ၅ ဒသမ ၉ ရာခိုင်နှုန်းအထိ ကျဆင်းလျက်ရှိသည်ဟု သိရသည်။ စီးပွားရေးစီမံခန့်ခွဲမှု လွဲချော်မှုများနှင့် ပြည်တွင်းကုန်ထုတ်လုပ်မှု တိုးတက်အောင် အားမပေးဘဲ ပြည်ပသွင်းကုန်များကို ဦးစားပေးခဲ့သောကြောင့် အနုတ်လက္ခဏာပြခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူချိန်တွင် နိုင်ငံ့စီးပွားရေးကို ဦးစားပေးမြှင့်တင်ဆောင်ရွက်ခဲ့သည်။

စီးပွားရေးကို ဦးစားပေးဆောင်ရွက်ခဲ့သောကြောင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုများနှင့် နိုင်ငံရေးပြဿနာ အနှောင့်အယှက်များ ဖြစ်ပွားနေသည့်ကြားမှပင် နိုင်ငံ့စီးပွားရေးမှာ ၂ ဒသမ ၄ ရာခိုင်နှုန်းသို့ ပြန်လည်ရောက်ရှိခဲ့သည်။ အလားတူ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် နိုင်ငံရေးအရ စိန်ခေါ်မှုများ၊ လုံခြုံရေးအရ နှောင့်ယှက်ဖျက်ဆီးမှုများ၊ စီးပွားရေးအရ ပိတ်ဆို့မှုများ စသည့် အခက်အခဲအမျိုးမျိုးကြားမှ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ နိုင်ငံ့စီးပွားရေး ၃ ဒသမ ၄ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့သည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင်လည်း ပြီးခဲ့သည့် ဒီဇင်ဘာလအထိ နိုင်ငံ့စီးပွားရေး ၃ ဒသမ ၃ ရာခိုင်နှုန်း ရှိခဲ့သည်။

ဒေသအလိုက် တိုးတက်ဖြစ်ထွန်းမှုတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှလွဲ၍ ကျန်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး စီးပွားရေးတွင် အပေါင်းလက္ခဏာများပြခဲ့သည်။ စီးပွားရေး၊ လူမှုရေးမတိုးတက်ခြင်းသည် လက်နက်ကိုင်ပဋိပက္ခများ၊ မညီညွတ်မှုများနှင့် ကြိုးပမ်းဆောင်ရွက်မှု လိုအပ်ချက်များကြောင့် တိုးတက်မှုနှေးကွေးနေသည်ကို တွေ့မြင်နိုင်သည်။ ကုန်သွယ်မှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံတွင် နှစ်စဉ် လိုငွေပြလျက်ရှိပြီး ကုန်ထုတ်လုပ်မှုတွင်လည်း ဒေသတွင်းနိုင်ငံများထက် အားနည်းနေသည်ကို တွေ့ရမည်ဖြစ်သည်။ စီးပွားရေးတွင် တိုးတက်လာသော်လည်း ကုန်ဈေးနှုန်းကြီးမြင့်သည့်ဒဏ်ကို ခံစားနေရဆဲဖြစ်သည်။

ထုတ်လုပ်မှုနှင့်လိုအပ်ချက် ကွာဟမှုရှိခြင်း၊ ကုန်ထုတ်လုပ်မှုစရိတ်မြင့်မားခြင်း၊ ကုန်သွယ်မှုအတွက် နိုင်ငံခြားငွေသုံးစွဲမှု၌ သတ်မှတ်စည်းကမ်းချက်များကို မလိုက်နာခြင်း၊ တရားမဝင်ကုန်သွယ်မှုများရှိနေခြင်း၊ မတော်လောဘစိတ်ထားများထားခြင်း၊ နိုင်ငံခြားငွေနည်းပါးသဖြင့် ငွေလဲနှုန်းမြင့်မားခြင်း၊ သွင်းအားစုတန်ဖိုးများ မြင့်တက်လာခြင်း စသည့်အကြောင်းများကြောင့် ကုန်ပစ္စည်းဈေးနှုန်းများ ကြီးမြင့်လာခြင်းဖြစ်သည်။ စိုက်ပျိုးရေးထွက်ကုန်များ ပန်းတိုင်အထွက်နှုန်းမပြည့်မီခြင်း၊ အထွက်နှုန်းနည်းခြင်းတို့လည်းရှိ၍ ယင်းတို့ကို ဝိုင်းဝန်းအဖြေရှာ ဆောင်ရွက်ကြရမည်ဖြစ်သည်။

အဆိုပါအားနည်းချက်၊ လိုအပ်ချက်၊ အခက်အခဲများကြားမှ နိုင်ငံ့စီးပွားရေးကို အထိုက်အလျောက် တိုးတက်မြင့်မားလာအောင် ဆောင်ရွက်နိုင်သဖြင့် ရည်မှန်းချက်များပြည့်မီအောင် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်သဖြင့် ဆန်စပါးတစ်ခုတည်းကိုပင် ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားရေးသည် များစွာမြင့်မားတိုးတက်လာမည်ဖြစ်သည်။ စိုက်ပျိုးရေးသီးနှံအားလုံးကို ပန်းတိုင်အထွက်နှုန်းပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ထုတ်ကုန်များ မြင့်မားတိုးတက်လာမည်ဖြစ်သည်။ ဝယ်လိုအားမြင့်မားလာပြီး ထုတ်လုပ်သူများ ဝင်ငွေတိုးကာ နိုင်ငံ့စီးပွားလည်း တိုးတက်လာမည်ဖြစ်သည်။ ရောင်းလိုအား၊ ဝယ်လိုအား မြင့်မားတိုးတက်လာလျှင် ငွေကြေးလည်ပတ်မှုအားကောင်းလာပြီး လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာမည်ဖြစ်သည်။

စီမံကိန်းရည်မှန်းချက်များ အောင်မြင်စေရေး၊ အထွက်နှုန်းများ တိုးတက်လာစေရေးအတွက် နိုင်ငံတော်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ရင်းနှီးငွေများ ပေးအပ်ထားပြီးဖြစ်သည်။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် အောင်မြင်မှုအားနည်းနေသေးသည်ကို တွေ့ရသည်။ စိုက်ပျိုးရေးတွင် အဓိကလိုအပ်ချက်ဖြစ်သော မျိုး၊ မြေ၊ ရေ၊ နည်း ဤလေးနည်းကို ဖော်ဆောင်ပေးရမည်ဖြစ်သည်။ ဤအချက်များပြည့်စုံပါက စိုက်ပျိုးရေးလုပ်ငန်းများ ပန်းတိုင်အထွက်နှုန်းရရှိမည်ဖြစ်ပြီး ယခုထက် အောင်မြင်တိုးတက်လာမည် ဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံ့စီးပွားရေးမြင့်မားတိုးတက်လာရေးအတွက် တိုင်းပြည်ကောင်းအောင် ဆောင်ရွက်လိုသည့်စိတ်ထားဖြင့် ရည်မှန်းချက်များအောင်မြင်အောင် အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။




## ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၀ - ၁ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၇၀၀ | ၂၄၆ | ၂,၁၄၀,၂၀၀ |
| MTSH | ၂,၈၅၀ | ၂,၉၀၀ | ၄၇၅ | ၁,၃၇၃,၀၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၁ | ၈,၀၀၀ |
| FPB | ၁,၅၅၀ | ၁,၅၅၀ | ၇,၉၃၇ | ၁၁,၉၅၅,၈၅၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၁၅ | ၃၇,၅၀၀ |
| EFR | ၁,၉၀၀ | ၁,၉၅၀ | ၄၀၄ | ၇၆၈,၁၀၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၂၁ | ၉၈,၇၀၀ |
| MAEX | ၁,၇၅၀ | ၁,၇၅၀ | ၆၁ | ၁၀၆,၇၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | | |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာပြင် | - ဒေါ်မြသီတာနှင့်အဖွဲ့ |
| | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

# နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၁၅ /၂၀၂၄)**
**၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်**
**(၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ (ဆ) ကိုအောက်ပါအတိုင်း အစားထိုးရမည်–

"(ဆ) **ကြားဖြတ်ရွေးကောက်ပွဲ** ဆိုသည်မှာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦး နုတ်ထွက်ခြင်း၊ ကွယ်လွန်ခြင်း၊ ဥပဒေနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခံရခြင်း သို့မဟုတ် တာဝန်မှရုပ်သိမ်းခံရခြင်းကြောင့် လစ်လပ်လျက်ရှိသော မဲဆန္ဒနယ်များအတွက် အခါအားလျော်စွာ ကော်မရှင်က သတ်မှတ်ကျင်းပသည့် ရွေးကောက်ပွဲကိုဆိုသည်။"

၃။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ တွင် –

(က) ပုဒ်မခွဲ(စ)၌ပါရှိသော "ရက်ပေါင်း ၉၀" ဆိုသည့် စကားရပ်ကို "ရွေးကောက်ပွဲ ကျင်းပမည့်နေ့ရက်မတိုင်မီ အနည်းဆုံးရက်ပေါင်း ၉၀ ကြိုတင်၍ ကော်မရှင်က အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သည့်နေ့ရက်" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ "ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀၀၀" ဆိုသည့် စကားရပ်ကို "ပါတီဝင်ဦးရေ အနည်းဆုံး ၅၀၀၀၀" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အစားထိုးရမည်။

(ခ) ပုဒ်မခွဲ(ဇ)၌ ပါရှိသော "ရက်ပေါင်း ၁၈၀" ဆိုသည့် စကားရပ်ကို "ရွေးကောက်ပွဲ ကျင်းပမည့်နေ့ရက်မတိုင်မီ အနည်းဆုံးရက်ပေါင်း ၉၀ ကြိုတင်၍ ကော်မရှင်က အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သည့်နေ့ရက်" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ "မြို့နယ်အားလုံး၏ အနည်းဆုံးထက်ဝက်" ဆိုသည့်စကားရပ်ကို "မြို့နယ်အားလုံး၏ အနည်းဆုံးသုံးပုံတစ်ပုံ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၄။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"ပုဒ်မ ၁၇။ ပါတီတစ်ခုသည် –

(က) မိမိ၏နှစ်စဉ် ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးနှစ်အလိုက် ရေးဆွဲခြင်း၊ ပါတီပိုင်ပစ္စည်းများနှင့် စပ်လျဉ်းသည့် နှစ်ချုပ်စာရင်းပြုစုခြင်း၊ ပါတီစည်းမျဉ်းနှင့်အညီ အတည်ပြုချက်ရယူခြင်းတို့ကို သတ်မှတ်သည့်အတိုင်း ဆောင်ရွက်ရမည်။

(ခ) ပုဒ်မ ၅ ပုဒ်မခွဲ (ဆ)အရ ငွေစာရင်းဖွင့်လှစ်ထားသည့် ပါတီရန်ပုံငွေကို ကော်မရှင်က ထုတ်ပြန်သည့် အမိန့် သို့မဟုတ် ညွှန်ကြားချက်နှင့်အညီ သုံးစွဲရမည်။"

၅။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၉ ကို အောက်ပါအတိုင်းအစားထိုးရမည်–

"(က) ပါတီတစ်ခုသည် ပုဒ်မ ၁၂ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၄)၊ (၅)၊ (၆)၊ သို့မဟုတ် (၇)ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်း၍ မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရပါက ပါတီပိုင်ပစ္စည်းများကို နိုင်ငံတော်အစိုးရက သတ်မှတ်ပေးသည့် ဌာန၊ အဖွဲ့အစည်းသို့ သတ်မှတ်သည့် နည်းလမ်းအတိုင်း အပ်နှံရမည်။

(ခ) ပါတီမှတ်ပုံတင်ခွင့် ပြန်လည်လျှောက်ထားခြင်းမရှိသဖြင့် နိုင်ငံရေးပါတီအဖြစ်မှ အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်ဟု ဤဥပဒေအရ မှတ်ယူခံရသောပါတီ သို့မဟုတ် ယင်းပါတီ၏ ဗဟိုအလုပ်အမှုဆောင်အဆင့်ထက်မနိမ့်သူတစ်ဦးဦးသည် ပုဒ်မ ၁၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၄)၊ (၅)၊ (၆) သို့မဟုတ် (၇)ပါ အချက် တစ်ရပ်ရပ်နှင့်လည်း ငြိစွန်းမှုရှိကြောင်း စိစစ်တွေ့ရှိရပါက ပါတီပိုင်ပစ္စည်းများကို နိုင်ငံတော်အစိုးရက သတ်မှတ်ပေးသည့် ဌာန၊ အဖွဲ့အစည်းသို့ သတ်မှတ်သည့် နည်းလမ်းအတိုင်း အပ်နှံရမည်။

(ဂ) ပုဒ်မခွဲ (က)နှင့် (ခ)တို့အရအပ်နှံသည့် ပစ္စည်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းသည် နိုင်ငံတော်အစိုးရ၏ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရမည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**❂ ရှေ့ဖုံးမှ**

"သန်လျင်တံတားကပြီးတော့မယ်လေ။ တံတားပြီးရင်တော့ သန်လျင်မှာ မြေဈေးက ကောင်းလာတော့မယ်။ ကျွန်တော်တို့ သန်လျင်မှာဖြစ်နေတဲ့ပြဿနာက တံတားပိတ်နေတဲ့ပြဿနာ။ တကယ်တော့ သန်လျင်ကမြို့ထဲနဲ့လည်းနီးတယ်ဗျာ။ သွားရေးလာရေးအဆင်ပြေတယ်။ အခုတံတားဖွင့်လာရင် လူနေထိုင်မှုလည်းစည်ကားလာမယ်။ အဲဒါတွေပြီးရင် ဈေးက ကောင်းလာမှာဆိုတော့ အခုချိန်ဝယ်ထားရင် ပိုကောင်းတယ်" ဟု မျိုးသက် သန်လျင်အိမ်ခြံမြေရောင်းဝယ်ရေးမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

တံတားကြီးပြီးလျှင် ဈေးကောင်းမည်ဟု ခန့်မှန်းထားသော်လည်း လက်ရှိတွင် သန်လျင်မြို့နယ်ရှိ အိမ်ခြံမြေဈေးနှုန်းများမှာ သင့်တင့်နေသေးကြောင်းလည်း စုံစမ်း သိရှိရသည်။

" တံတားလည်းပြီးတော့မယ်ဆိုတော့ သန်လျင်ဘက်က အရောင်းအဝယ်တွေသွက်လာတယ်။ ဘာလို့လဲဆိုတော့ တခြားမြို့နယ်တွေနဲ့ယှဉ်ရင် ဈေးက သင့်တင့်နေသေးတယ်။ အခု ဒဂုံဆိပ်ကမ်းတို့၊ တောင်ဒဂုံတို့၊ အရှေ့ဒဂုံတို့ထက်စာရင် သန်လျင်က ဈေးသိပ်မတက်သေးဘူး။ တခြားမြို့နယ်တွေထက်စာရင် ဈေးကြီးမသွားသေးဘူး။ ပေ (၄၀ x ၆၀) မှ တစ်ထောင်၊ ထောင့်တစ်ရာလောက်ရနေသေးတယ်" ဟု အဆိုပါ တာဝန်ရှိသူက ဆိုသည်။

ထို့ပြင် သီလဝါအထူးစီးပွားရေးဇုန်ကို အကြောင်းပြုပြီး ပြည်တွင်း၊ ပြည်ပစီးပွားရေးလုပ်ငန်းများ တိုးပွားလာမှုကြောင့် ရန်ကုန်မြို့အပါအဝင် ရန်ကုန်တောင်ပိုင်းခရိုင် မြို့နယ်များဖြစ်သည့် သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွဒေသ၏ အိမ်ခြံမြေဈေးများလည်း မြင့်တက်လာနိုင်ဖွယ်ရှိကြောင်း သိရသည်။

**သစ်တော်**

**☆ အင်ဂျင်ဝိုင်မှ**

ပြည်ပသို့ခရီးသွားစဉ် အလားတူ တီထွင်ဖန်တီးထားမှုကိုတွေ့ရှိခဲ့၍ ကိုယ်တိုင်စမ်းသပ်တီထွင်ခဲ့ရာမှ လူသိများလာခဲ့ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ဝယ်ယူသူများပြားနေကာ လက်ရှိတွင် မီးဖို အလုံးရေ ၁၀၀ ဝန်းကျင်ခန့် အမှာစာ လက်ခံရရှိထားပြီး မိသားစု၏တစ်နိုင်တစ်ပိုင်စီးပွားရေးအဖြစ် လုပ်ကိုင်လျက်ရှိကြောင်း Soe Lin ဆီအဟောင်းသုံးမီးဖိုနှင့် မီးဖိုအမျိုးမျိုးထုတ်လုပ်ရေးမှ ကိုအောင်စိုးလင်းက ပြောသည်။

"သူက ဆီအဟောင်းတွေနဲ့သုံးရတာ။ အင်ဂျင်ဝိုင်အဟောင်း၊ စားတဲ့ဆီအဟောင်းတွေကို လောင်စာအဖြစ်သုံးထားတဲ့မီးဖိုပါ။ စားတဲ့ဆီအဟောင်းဆိုတာက ဝက်ဆီ၊ ကြက်ဆီ စားတဲ့ဆီမှန်သမျှအကုန်ရတယ်။ စားတဲ့ဆီက ပုံမှန်မီးမလောင်ပေမယ့် မီးဖိုခွက်ထဲမှာထည့်ထားတဲ့ပစ္စည်းကြောင့် စားဆီက မီးလောင်သွားတာ။ အင်ဂျင်ဝိုင်အဟောင်းသုံးမယ်ဆိုရင် မီးသတ်လိုက်တဲ့အချိန်မှာ အနည်းဆုံး ၁၀ စက္ကန့်၊ တစ်မိနစ်လောက် ညှော်နံ့နည်းနည်းထွက်တယ်။ လေဝင်လေထွက်ကောင်းတဲ့နေရာတွေမှာ သုံးသင့်ပါတယ်။ ချက်ပြုတ်နေချိန် အနံ့မထွက်ဘူး။ အခုလက်ရှိမှာလည်း ဝယ်တဲ့သူကများတယ်။ အခု အော်ဒါတင်ထားတာတောင် အလုံး ၁၀၀ လောက်ရှိတယ်။ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်ဘက်က ဝယ်သူတွေများတယ်"ဟု ၎င်းကဆိုသည်။

**အသုံးပြုနိုင်**

အဆိုပါမီးဖိုကို အသုံးပြုတော့မည်ဆိုပါက ဆီတိုင်ကီထဲသို့ အင်ဂျင်ဝိုင်အဟောင်း သို့မဟုတ် စားသုံးဆီအဟောင်းကို ဦးစွာထည့်ပြီး ဆီတိုင်ကီအောက်ကဘားကို ဖွင့်ပါက မီးဖိုအတွင်းဆီရောက်ကာ ဆီရောက်ပါက ဘားကိုပိတ်ပြီး မီးဖိုကိုမီးမွှေး၍ အသုံးပြုနိုင်သည်။

မီးအပူကိုထိန်းရန်အတွက် ပန်ကာငယ်တစ်ခုကိုလည်းတပ်ဆင်ထားကာ ပန်ကာကို မီးပျက်သည့်အချိန်တွင် Power bank သို့မဟုတ် ဘက်ထရီတို့ဖြင့်ချိတ်ဆက်၍ အသုံးပြုနိုင်သည်။

မီးဖိုတွင်အသုံးပြုသည့် ပစ္စည်းအချို့မှာ ပြည်ပမှဝယ်ယူရ၍ ယွမ်ဈေး၊ ဘတ်ဈေးအတက်၊ အကျရှိသောကြောင့် ဈေးနှုန်းပုံသေသတ်မှတ်၍မရဘဲ လက်ရှိတွင် အိမ်သုံးအဖြစ်သုံးနိုင်မည့်မီးဖိုဈေးနှုန်းမှာ ကျပ် ၁၆၀၀၀၀ မှစ၍ ကျပ် ၂၅၀၀၀၀၊ ကျပ် ၃၀၀၀၀၀၊ ကျပ် ၃၅၀၀၀၀၊ ကျပ် ၄၀၀၀၀၀ အထိရှိကြောင်း သိရသည်။

"အင်ဂျင်ဝိုင်ကို မီးရှို့လိုက်ရင်မီးခိုးတွေထွက်လာပြီး မီးဖိုရဲ့အပူချိန်က အတော်မြင့်တက်သွားတယ်ဆိုတော့ အဲဒီ မီးဖိုရဲ့အပူချိန်ညှိဖို့အတွက် ပန်ကာထည့်လိုက်တာ။ ပန်ကာထည့်လိုက်တော့ အပူချိန်ကို နည်းနည်းလျှော့ချတာ။ အဲဒီပန်ကာကိုလည်း တရုတ်ပြည်မှာ ကိုယ်တိုင်သွားဝယ်တာ။ အဲဒါကြောင့် ဈေးပုံမှန်သတ်မှတ်လို့မရပါဘူး" ဟု ၎င်းက ဆိုသည်။

အဆိုပါ မီးဖိုကိုအသုံးပြုမည်ဆိုပါက မီးဖိုထဲသို့ ရေကျလျှင် ဆီပူထဲရေကျသည့်သဘောသက်ရောက်ကာ ငရဲမီးကဲ့သို့မီးထတောက်တတ်သဖြင့် ရေမကျရန်သတိပြုရမည်ဖြစ်ကြောင်းလည်းသိရသည်။

**သတင်း – MT**
**ဓာတ်ပုံ – စိုးလင်း**

## မိုင်းရယ်မြို့၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**မိုင်းရယ် ဇန်နဝါရီ ၃၀**

မိုင်းရယ်မြို့နယ်မီးဘေးလုံခြုံရေးအဖွဲ့ဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မျိုးသန့်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်ထွန်းဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ထွေ/အုပ် ဝန်ထမ်းများ၊ စည်ပင်သာယာရေးဌာနတို့ပူးပေါင်း၍ မိုင်းရယ်မြို့မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ယနေ့မွန်းလွဲ ၂ နာရီက စက်သုံးဆီဆိုင်များကို ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်ထွန်းဦးက မီးဘေးအန္တရာယ်ကျရောက်လာပါက မီးသတ်ဆေးဘူးအသုံးပြုနည်း၊ အရေးပေါ်မီးငြိမ်းသတ်နည်း၊ မီးဘေးကြိုတင်ကာကွယ်ရေး နည်းလမ်းများကို အသိပညာပေးရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၃၀**

ဘင်္ဂလား ပင်လယ်အော်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနား ကြိုတင်ပြင်ဆင်ထားရှိမှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၀**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ဒုတိယဝန်ကြီး ဦးရဲတင့်၊ သက်ဆိုင်ရာ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများနှင့်အတူ ယနေ့ ညနေပိုင်းတွင် နေပြည်တော် မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) သို့ သွားရောက်ပြီး ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနား ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) တွင် တည်ဆောက်လျက်ရှိသော ရုပ်ရှင်အနုပညာရှင်များအတွက် ကြိုဆိုရေးမုခ်ဦး၊ ဂုဏ်ပြုခံလျှောက်လမ်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ရုပ်ရှင်အနုပညာရှင်များအတွက် ကြိုဆိုရေး၊ ဧည့်ခံကျွေးမွေးရေး၊ တွေ့ဆုံမေးမြန်းရေး ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ ဖျော်ဖြေရေး၊ ဆုများချီးမြှင့်ရေးနှင့် မီး၊ အသံစနစ်များ ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးကာ ရွှေကြိုမောင်မယ်များနှင့် ပါဝင်ဖျော်ဖြေတင်ဆက်ကြမည့်အနုပညာရှင်များကို ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားသည်။

၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) ၌ ကျင်းပမည်ဖြစ်ပြီး အခမ်းအနားသို့ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင် တစ်ထောင်ကျော် တက်ရောက်မည်ဖြစ်ကာ ၂၀၂၃ ခုနှစ်အတွင်း ရုံတင်ပြသထားသည့် ရုပ်ရှင်ဇာတ်ကားများမှ အကောင်းဆုံး အနုပညာရှင်၊ အတတ်ပညာရှင်များကို ရုပ်ရှင်ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





# ပြည်ထောင်စုဝန်ကြီးများ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ် တက်ရောက်အားပေး

**နေပြည်တော် ဇန်နဝါရီ ၂၀**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနရှိ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲများကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း အားကစားရုံများ၌ ကျင်းပလျက်ရှိရာ ယနေ့တွင် ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ် ပွဲစဉ်များကို ယှဉ်ပြိုင်ကစားကြသည်။

ဆီမီးဖိုင်နယ်ပွဲစဉ်သို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် ဦးဇင်မင်းထက်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်များ၊ ပြိုင်ပွဲဝင်အသင်းများမှအုပ်ချုပ်သူ/နည်းပြများ၊ ကျောင်းသား ကျောင်းသူများ၊ အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

နံနက်ပိုင်းတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း (၁) တွင် မကွေးဇုန်နှင့် နေပြည်တော်ဇုန်တို့မှ ဘောလုံးအားကစားသမားများယှဉ်ပြိုင်ကစားကြရာ နေပြည်တော်ဇုန်က မကွေးဇုန်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ညနေပိုင်းတွင် ကွင်း (၃) ၌ မိတ္ထီလာဇုန်နှင့် တောင်ကြီးဇုန်တို့မှဘောလုံးအားကစားသမားများ ယှဉ်ပြိုင်ကစားကြရာ မိတ္ထီလာဇုန်က တောင်ကြီးဇုန်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ပွဲစဉ်များအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ဘောလုံး အားကစားသမားများနှင့် ဒိုင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများ ထွက်ရှိသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ်များအား ၅ နှစ်သက်တမ်း ခွင့်ပြုပေးခဲ့ပါသည်။

အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၁ အရ သက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေကျပ်တစ်သောင်းပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

သက်တမ်းကုန်လွန်သော အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့် မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ၀၁-၅၄၁၄၁၃၊ ၀၁-၅၄၄၅၈၂ ၊ ၀၁-၅၄၄၅၈၃ ၊ iprd.crd.ygn@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# မြောင်းမြမြို့နယ် သမဝါယမအသင်းစု၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**မြောင်းမြ ဇန်နဝါရီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် သမဝါယမအသင်းစု၏၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို မြို့နယ်သမဝါယမအသင်းစုရုံး၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးစောအင်ဒရူးပန်းနှင့် မြောင်းမြမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန္ဒာညွန့်တို့က အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၏ ဒါရိုက်တာအဖွဲ့ လုပ်ငန်းအစီရင်ခံစာ၊ အသင်းစာရင်းစစ်အစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများကို ဖတ်ကြားရှင်းလင်းပြီး တက်ရောက်လာကြသူများထံမှ အတည်ပြုချက်ရယူခဲ့ကြောင်း သိရသည်။

**ဝေဝေ(မြောင်းမြ)**

# လပွတ္တာမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**လပွတ္တာ ဇန်နဝါရီ ၂၀**

ဧရာဝတီဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းတွင် လပွတ္တာမြို့ အမှတ် (၄)ရပ်ကွက်၌ တစ်အိမ်တက်ဆင်း လိုက်လံကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်။



ထိုသို့စစ်ဆေးရာတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပူးပေါင်း၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိမ်းကိုကိုနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် အမှတ်(၄) ရပ်ကွက်အတွင်းရှိ နေအိမ်များအတွင်း လျှပ်စစ်မီး၊ မီးဖိုသုံးစွဲဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ဝရဒါဠာဓာတုစေတိယစွယ်တော်မြတ်စေတီတော်(ရန်ကုန်)ကို ဖူးမြော်ကြည်ညို (၁၆)ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ရရှိသည့် ဆရာတော် ဘဒ္ဒန္တ ပညာသိရီလင်္ကာရအား လှူဖွယ်ဝတ္ထုပစ္စည်း ဆက်ကပ်လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၀

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မရမ်းကုန်းမြို့နယ် ဝရဒါဠာဓာတုစေတိယစွယ်တော်မြတ်စေတီတော်(ရန်ကုန်)သို့ ရောက်ရှိပြီး စေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ သစ်သီးဆွမ်းများ ဆက်ကပ်လှူဒါန်း၍ ဖူးမြော်ကြည်ညိုပြီး ဂေါပကအဖွဲ့များအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဒဂုံမြို့နယ် အမှတ်(၁၂) စကားဝါလမ်းရှိ တိပိဋကနိကာယကျောင်းတိုက်သို့ ရောက်ရှိပြီး (၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋက ကောဝိဒ ရွေးချယ်ရေး စာမေးပွဲတွင် ဖြေဆိုအောင်မြင်ခဲ့သော (၁၆)ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော် ရရှိတော်မူသည့် သာသနဓဇအာဇာနည်ဆရာတော် ဘဒ္ဒန္တ ပညာသိရီလင်္ကာရအား ဖူးမြော်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများ လျှောက်ထား၍ပြည်ထောင်စုဝန်ကြီးသည် ဆရာတော်အား နဝကမ္မအလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။



ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် (၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲတွင် အဘိဓမ္မပိဋက၊ အဘိဓမ္မာဒုတိယပိုင်း သဘောရေးဖြေအောင်မြင်ခဲ့သည့် တိပိဋကဓရ တိပိဋကကောဝိဒရရှိသည့် ဆရာတော်အရှင်ပညာသိရီလင်္ကာရအား နဝကမ္မနှင့် လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းစဉ်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ အမှတ် (၆၀၄/၆၀၈) ကုန်သည်လမ်း ပန်းဘဲတန်းမြို့နယ်ရှိ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် စာအုပ်စင်ခန်းကို ကြည့်ရှုစစ်ဆေးရာ အခန်းတာဝန်ခံက ရှေ့လျား စာအုပ်စင်များဖြင့် ၁၉၆၀ ပြည့်နှစ်မှ ၂၀၁၆ ခုနှစ်အထိ ထုတ်ဝေခဲ့သည့် စာအုပ်များအနက်မှ စာအုပ်ပေါင်း ငါးသိန်းကျော်ကို စုဆောင်းထိန်းသိမ်းထားကြောင်း၊ စာအုပ်ဖတ်ရှုလိုသူများအတွက် အွန်လိုင်းကတ်တလောက်များမှ ရှာဖွေ၍ စာကြည့်တိုက်မှူးများမှတစ်ဆင့် ငှားရမ်းဖတ်ရှုနိုင်အောင် ဝန်ဆောင်မှုပေးလျက်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် CCTV Room၊ Data Centre၊ အမှတ်တရ ပစ္စည်းအရောင်းဆိုင်တို့ကိုလည်းကောင်း၊ ပထမထပ်ရှိ Digital Library Room၊ Audio/Video Room နှင့် Multi-media Room တို့ကိုလည်းကောင်း၊ ဒုတိယထပ်ရှိအထွေထွေစာဖတ်ခန်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး အမျိုးသားစာကြည့်တိုက်(ရန်ကုန်) မြေညီထပ်ရှိ ပြပွဲခန်းမတွင် စာအုပ်ထုတ်ဝေရေး အသင်း၊ စာအုပ်တိုက်များနှင့် ပူးပေါင်း၍ စာအုပ်ပြပွဲများ၊ စာအုပ်ဈေးပွဲတော်များ ဆောင်ရွက်သွားရန် မှာကြားသည်။

အမျိုးသားစာကြည့်တိုက်(ရန်ကုန်)အနေဖြင့် Confrence Hall တွင် လူ ၂၅၀ ခန့် အသုံးပြုနိုင်သည့် အခမ်းအနားများ ကျင်းပနိုင်ရန်နှင့် ခေတ်မီ Digital ဝန်ဆောင်မှုများကို ဖန်တီးဆောင်ရွက်ထားရှိပြီး Online နှင့် Offline ဝန်ဆောင်မှုများပေးလျက်ရှိသည်။ ကလေးစာကြည့်တိုက်တွင် ကလေးများအတွက် ကလေးစာပေဆိုင်ရာ စာအုပ်များ၊ ပုံပြောခန်းများ စီစဉ်ဆောင်ရွက်ပေးထားခြင်းအပြင် Audio Video Room တွင် မှတ်တမ်းရုပ်ရှင်နှင့် သတင်းကားများ၊ မြန်မာ့ယဉ်ကျေးမှုနှင့် တိုင်းရင်းသားဓလေ့ဆိုင်ရာ Documentary Film များ အပတ်စဉ်/လစဉ် ပြသမည့် အစီအစဉ်များကို စီစဉ်ဆောင်ရွက်ထားရှိသည်။ အမျိုးသားစာကြည့်တိုက်ပိုင် စုဆောင်းထားသည့် စာပေဆိုင်ရာ e-Resources များအား အမျိုးသားစာကြည့်တိုက်(ရန်ကုန်)၏ Website www.nlm.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီသို့ ခရီးသွားများဝင်ရောက်မှု များပြား

ရန်ကုန် ဇန်နဝါရီ ၂၀

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီသို့ ခရီးသွားများ ဝင်ရောက်မှုများပြားလျက်ရှိကြောင်း ရန်ကုန်-ဟိုင်းကြီး၊ ဟိုင်းကြီး- ရန်ကုန်သို့ ပြေးဆွဲနေသည့် ယာဉ်လိုင်းအသိုင်းအဝိုင်းမှ သိရသည်။

"ဟိုင်းကြီးကျွန်းမှာ အဓိကလည်ပတ်စရာက ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီရှိတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ တစ်ခုပဲရှိတဲ့ ကျောက်ကလပ်ရှိတယ်။ ဟိုင်းကြီးကျွန်းမှာရှိတဲ့ အပန်းဖြေစခန်းမှာ ရေကူးကြတယ်။ နောက်ဒေသန္တရ ဗဟုသုတတွေ ရတယ်။ နောက်ပြီး ကျောက်ကလပ်ကိုသွားကြတယ်။ ငွေဆောင်တို့ ချောင်းသာတို့လို ကမ်းခြေတွေလည်းရှိတယ်။ သွားကြတာများတယ်။ မြတ်မော်တင်စွန်းကို သွားကြတာများတယ်။ လုံခြုံရေးကောင်းတော့ ဧရာဝတီတိုင်းဒေသကြီးက မြန်မာနိုင်ငံမှာ အကောင်းဆုံးနေရာပါ။ နေ့ရောညပါ အဆက်မပြတ်ကို သွားကြတယ်"ဟု ရန်ကုန်-ဟိုင်းကြီး၊ ဟိုင်းကြီး- ရန်ကုန်သို့ ပြေးဆွဲနေသည့် ရှမ်းမလေးယာဉ်လိုင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဟိုင်းကြီးကျွန်းသို့ ခရီးသွားများအနေဖြင့် ရေကြောင်းခရီးမှတစ်ဆင့် သွားလာမှု အဆက်မပြတ်ရှိနေသော်လည်း အချိန်ကုန်သက်သာမှုကြောင့် ကုန်းလမ်းမှသွားသည့်သူများ ပိုမိုများပြားကြောင်း သိရသည်။

"တချို့ကတော့ ဈေးသက်သာတယ်ထင်ပြီး သင်္ဘောနဲ့ လိုက်ကြတာရှိတယ်။ အချိန်ကုန်တာပေါ့။ ဒါကြောင့် ကုန်းလမ်းကနေသွားတဲ့သူက ပိုများတယ်"ဟု ရန်ကုန်-ဟိုင်းကြီး ယာဉ်လိုင်းဂိတ်မှ သိရသည်။

လက်ရှိကာလသည် မိုးလေကင်းလွတ် ပွင့်လင်းရာသီဖြစ်သည့်အတွက် မြန်မာနိုင်ငံမှ ပြည်တွင်းခရီးသွားများအနေဖြင့် မြန်မာနိုင်ငံအနှံ့ အပြားသို့ ခရီးသွားရောက်မှုများပြားသည့်ကာလလည်း ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ယခုနှစ် ခရီးသွားရာသီတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ချောင်းသာကမ်းခြေသို့ ခရီးသွားဧည့်သည် ၄၄၀၀၀၀ ကျော် သွားရောက်လည်ပတ်မှုရှိခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

သစ်တော်

# နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၄) ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁/၂၀၂၄)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။



အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ် ဒေသဆိုင်ရာ သာသနာရေးနှင့် ယဉ်ကျေးမှု ဆပ်ကော်မတီ ဥက္ကဋ္ဌများ၊ ဆပ်ကော်မတီဝင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၊ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ သာသနာရေးဦးစီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ အမျိုးသားမှတ်ပုံတင်နှင့်နိုင်ငံသားဦးစီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၊ တိုင်းရင်းသား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ယဉ်ကျေးမှုနှင့် ဘာသာရေးသည် နိုင်ငံတစ်နိုင်ငံ၏ ဝိသေသလက္ခဏာကို သတ်မှတ်ဖော်ပြနိုင်သည့်အတွက် ဒြပ်ရှိ၊ ဒြပ်မဲ့ ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ခြင်းဖြင့် ဘာသာသာသနာထွန်းကားပြန့်ပွားစေခြင်း လုပ်ငန်းများအရေးပါပြီး မဖြစ်မနေဆောင်ရွက်ရမည့်လုပ်ငန်းများ ဖြစ်ပါကြောင်း၊ နိုင်ငံ၏တည်ငြိမ်မှု၊ ငြိမ်းချမ်းမှုနှင့် စည်းလုံးညီညွတ်မှုတို့အတွက်လည်း ယဉ်ကျေးမှုနှင့် ဘာသာရေးက အဓိက ဖော်ဆောင်ပေးနိုင်ပါကြောင်း၊ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်ပေးခြင်း၊ တိုင်းရင်းသားများ၏ ယုံကြည်ကိုးကွယ်ရာ ဘာသာများကို ထောက်ပံ့ကူညီပေးခြင်း၊ ဘာသာ၊ သာသနာ ပြန့်ပွားစေခြင်းတို့ဖြင့် တိုင်းရင်းသားလူငယ်များကို ဗလငါးတန်နှင့် ပြည့်စုံသည့် လူငယ်များ ဖြစ်လာစေရေး ပျိုးထောင်ရာတွင် အထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်း၊ ဆပ်ကော်မတီဝင် ဌာနများအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ရန် ကျန်ရှိနေသေးသည့် လုပ်ငန်းများကို သတ်မှတ်ချိန်အတွင်း ပြီးမြောက်စေရန်နှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် လျာထားလုပ်ငန်းစီမံကိန်းများကို အပြည့်အဝအကောင်အထည်ဖော်နိုင်ရန်အတွက် စနစ်တကျအစီအမံများ ချမှတ်ဆောင်ရွက်သွားရန် တို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ဒေသဆိုင်ရာ သာသနာရေးနှင့် ယဉ်ကျေးမှု ဆပ်ကော်မတီဥက္ကဋ္ဌများ၊ ဆပ်ကော်မတီဝင်ဌာနများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ရန် လျာထားသည့် လုပ်ငန်းစီမံကိန်းများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုသားများ စည်းလုံးညီ ရှေ့သို့လှမ်းချီ ပန်းတိုင်ဆီ

ကမ္ဘာ့ရေဝပ်ဒေသများနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# လူသားတို့ ကျန်းမာပျော်ရွှင်ဖို့ ရေဝပ်ဒေသများထိန်းသိမ်းစို့

**သစ်တောမောင်**

**ကမ္ဘာ့ရေဝပ်ဒေသများနေ့**

**"ရေဝပ်ဒေသများ ကွန်ဗင်းရှင်း (Convention on Wetlands)"** ကို ၁၉၇၁ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် အီရန်နိုင်ငံ ရမ်ဆာမြို့ (Ramsar) ၌ ဖွဲ့စည်းခဲ့သဖြင့် နှစ်စဉ် ဖေဖော်ဝါရီလ ၂ ရက်နေ့သည် အစိုးရအချင်းချင်း သဘောတူစာချုပ်ဖြစ်သည့် Wetlands Convention (Ramsar Convention) ၏ နှစ်ပတ်လည်နေ့ဖြစ်သကဲ့သို့ ကမ္ဘာ့ရေဝပ်ဒေသများနေ့ (World Wetlands Day) လည်း ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ၂၀၀၅ ခုနှစ် မတ်လ ၁၇ ရက်နေ့တွင် ရမ်ဆာရေဝပ်ဒေသကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအဖြစ် စတင်ပါဝင်ခဲ့ပါသည်။ ယနေ့အချိန်အထိ ရေဝပ်ဒေသများကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံပေါင်း ၁၇၂ နိုင်ငံ ရှိပြီး နိုင်ငံတကာအဆင့် အရေးပါသော ရေဝပ်ဒေသပေါင်း ၂၅၀၃ ခု စုစုပေါင်းဧရိယာ ၂၅၇၁၈၃၆၄၃ ဟက်တာကို သတ်မှတ်ထိန်းသိမ်းထားလျက်ရှိပါသည်။ **"ရမ်ဆာ (Ramsar) ရေဝပ်ဒေသများ"** ဟုလည်း ခေါ်ဆိုပါသည်။

ရေဝပ်ဒေသများဆိုသည်မှာ ဒီရေကျချိန်တွင် ရေအနက် ခြောက်မီတာထက် ပိုမနက်သည့် အဏ္ဏဝါရေပြင်များ အပါအဝင် ရေသေ သို့မဟုတ် စီးဆင်းနေသော ရေချို၊ ရေငန်၊ ဆားငန်ရေများရှိသော ယာယီ သို့မဟုတ် အမြဲတမ်းရှိနေသော သဘာဝ သို့မဟုတ် လူတို့ပြုလုပ်ဖန်တီးထားသော ရွှံ့နွံမြေ၊ သစ်ဆွေးမြေ၊ စိမ့်မြေနှင့် ရေပြင်ဧရိယာများကို ခေါ်ဆိုပါသည်။ ရေဝပ်ဒေသများကို ပင်လယ်ကမ်းခြေရေဝပ်ဒေသများ၊ လူတို့ပြုလုပ်ဖန်တီးထားသော ရေဝပ်ဒေသများနှင့် ကုန်းတွင်းရေချိုရေဝပ်ဒေသများဟူ၍ သုံးပိုင်း ခွဲခြားထားပါသည်။ ရေဝပ်ဒေသများတွင် မြစ်၊ ချောင်းများ၊ အင်း၊ အိုင်၊ ကန်နှင့် ရေအောင်းလွှာများ၊ နွံအိုင်များနှင့် ရွှံ့မြေများ၊ စိုစွတ်သည့်မြက်ခင်းလွင်ပြင်များ၊ ပင်လယ်သဲသောင်ကမ်းပါးများ၊ ကမ်းလွန်ကျွန်းစုငယ်များ၊ ပင်လယ်ဝဧရိယာများနှင့် မြစ်ဝကျွန်းပေါ်ဒေသများ၊ ဒီရေရောက်ကမ်းခြေများ၊ ဒီရေတောများ၊ ကမ်းရိုးတန်းဒေသများ၊ သန္တာကျောက်တန်းများ၊ ငါးကန်၊ ပုစွန်ကန်များ၊ စပါးကွင်းများ၊ ဆားကွင်းများ၊ ဆည်ရေလှောင်တမံများ၊ ဆည်ရေသောက်ဧရိယာများ စသည့်နေရာများ ပါဝင်ပါသည်။

ရေဝပ်ဒေသများသည် နိုင်ငံတစ်နိုင်ငံချင်းစီအတွက်သာမက ဒေသတွင်းနှင့် ကမ္ဘာ့ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဂေဟစနစ်တည်ငြိမ်ရေးအတွက်လည်း အထူးအရေးပါလျက်ရှိပါသည်။ ရေဝပ်ဒေသများ၏ လူသားများအပေါ် အကျိုးပြုမှုများကို သိမြင်နိုးကြားလာစေရန်နှင့် ရေဝပ်ဒေသများ ထိန်းသိမ်းကာကွယ်ခြင်း၊ စီမံအုပ်ချုပ်ခြင်းနှင့် အကျိုးရှိစွာ အသုံးချခြင်း (Wise Use) လုပ်ငန်းများတွင် ပူးပေါင်းပါဝင်မှု အားကောင်းလာစေရန် ရည်ရွယ်ပြီး ကမ္ဘာ့ရေဝပ်ဒေသများနေ့ အထိမ်းအမှတ် အခမ်းအနားများ၊ အသိပညာပေးရေး လှုပ်ရှားမှုများကို ကမ္ဘာတစ်ဝန်း ကျင်းပဆောင်ရွက်ကြပါသည်။ ယခုနှစ်အတွက် ကမ္ဘာ့ရေဝပ်ဒေသများနေ့ ဦးတည်ချက်ဆောင်ပုဒ်မှာ **"လူသားတို့ကျန်းမာပျော်ရွှင်ဖို့ ရေဝပ်ဒေသများ ထိန်းသိမ်းစို့"** (Wetlands and Human Wellbeing) ဖြစ်ပါသည်။

**ရေဝပ်ဒေသများက ပံ့ပိုးသော အကျိုးကျေးဇူးများ**

ရေဝပ်ဒေသများသည် စားရေရိက္ခာဖူလုံရေး၊ ဒေသခံပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝဘေးအန္တရာယ်များမှ အကာအကွယ်ပေးရေးတို့အတွက် မရှိမဖြစ် လိုအပ်သည့် အရေးပါသော ဂေဟစနစ်ဖြစ်ပါသည်။ ရေဝပ်ဒေသများသည် လူသားများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ပြီး ကျန်းမာပျော်ရွှင်စေရန်နှင့် ရာသီဥတု သာယာမျှတစေရန် အတွက် အောက်ဖော်ပြပါ အဓိကကျသည့် ဂေဟစနစ်ဆိုင်ရာ ဝန်ဆောင်မှုများကို ပံ့ပိုးပေးလျက်ရှိပါသည်-






အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော။

- ❖ မြေဆီလွှာများအတွင်း ကာဗွန်သိုလှောင်မှုတိုးပွားပြီး ရာသီဥတု ပြောင်းလဲမှု လျှော့ချနိုင်ခြင်း၊
- ❖ ရေကြီးခြင်း၊ ရေလျှံခြင်း စသည့် သဘာဝ ဘေးအန္တရာယ်များမှ ကာကွယ်ပေးခြင်း၊
- ❖ ရေပျော်ငှက်များအပါအဝင် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်း၊
- ❖ ရေချိုများ ပံ့ပိုးပေးခြင်းနှင့် ရေထုညစ်ညမ်းမှုများကို သန့်စင်ပေးခြင်း၊
- ❖ ငါး၊ ပုစွန်၊ ကဏန်း စသည့်ရေထွက်ပစ္စည်းများ၊ စိုက်ပျိုးရေးထုတ်ကုန်များနှင့် တိရစ္ဆာန်မွေးမြူရေးစသည့် လုပ်ငန်းများအတွက် အထောက်အပံ့ပြုပြီး စားရေရိက္ခာဖူလုံစေရန် ပံ့ပိုးပေးခြင်း၊
- ❖ ခရီးသွားလုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက် အရေးပါခြင်း၊
- ❖ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေခြင်း စသည့်အကျိုးကျေးဇူးများစွာကို ပံ့ပိုးပေးလျက်ရှိပါသည်။

**မြန်မာနိုင်ငံ၏ ရေဝပ်ဒေသများ**

မြန်မာနိုင်ငံသည် သဘာဝသယံဇာတပေါကြွယ်ဝသကဲ့သို့ ရေဝပ်ဒေသဂေဟစနစ်အပါအဝင် မတူကွဲပြားသော ဂေဟစနစ်အမျိုးမျိုးကိုလည်း ပိုင်ဆိုင်ထားပါသည်။ သစ်တောသယံဇာတများနှင့်အတူ အလွန်အရေးပါသော ရေဝပ်ဒေသများကို ဧရာဝတီနှင့် ချင်းတွင်းမြစ်ဝှမ်းဒေသများတွင် ၈၅ ခု၊ သံလွင်မြစ်ဝှမ်းဒေသတွင် ခြောက်ခု၊ စစ်တောင်းမြစ်ဝှမ်းဒေသတွင် ငါးခုနှင့် ရခိုင်ကမ်းရိုးတန်းဒေသတွင် သုံးခု စုစုပေါင်း ၉၉ ခုကို ဖော်ထုတ်မှတ်တမ်းတင် ထားရှိပြီးဖြစ်ပါသည်။

မြန်မာ့ရေဝပ်ဒေသများကို ကမ္ဘာ့အဆင့် အရေးပါသော ရမ်ဆာရေဝပ်ဒေသ (Ramsar Site)များအဖြစ်လည်း အသိအမှတ်ပြု သတ်မှတ်ခြင်းခံထားခဲ့ရရာ နိုင်ငံတကာ အသိအမှတ်ပြု ရေဝပ်ဒေသ စုစုပေါင်းဧရိယာ ၂၇၈၆၉၇ ဟက်တာ (၆၈၈၃၈၂ ဧက) ကျော်ကို ထိန်းသိမ်း ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၀၄ ခုနှစ်တွင် မိုးယွန်းကြီးအင်း (မိုးယွန်းကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော)၊ ၂၀၁၆ ခုနှစ်တွင် အင်းတော်ကြီး (အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော)၊ ၂၀၁၇ ခုနှစ်တွင် မိန်းမလှကျွန်း (မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော) နှင့် မုတ္တမပင်လယ်ကွေ့ဒေသ၊ ၂၀၁၈ ခုနှစ်တွင် အင်းလေးကန် (အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော) နှင့် ၂၀၂၀ ပြည့်နှစ်တွင် နံ့သာကျွန်းနှင့် မေယုမြစ်ဝဒေသ စသည်ဖြင့် ရမ်ဆာရေဝပ်ဒေသ ခြောက်နေရာကို သတ်မှတ်ခံရပြီးဖြစ်ပါသည်။

ဇီဝဘူမိထူးခြားသည့် ဒေသအတွင်း၌ သဘာဝအတိုင်းတွေ့ရသည့် သို့မဟုတ် သဘာဝနီးပါးရှိနေသည့် ထူးခြားရှားပါးသည့် ရေဝပ်ဒေသဖြစ်ခြင်း၊ ထူးခြားသော ဇီဝဘူမိဒေသ၏ ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းရန်အတွက် အပင်နှင့် တိရစ္ဆာန်မျိုးစိတ်များကို ထောက်ပံ့ပေးသည့် ရေဝပ်ဒေသဖြစ်ခြင်း၊ အပင်နှင့် တိရစ္ဆာန်မျိုးစိတ်များ၏ အသက်ရှင်နေထိုင်မှု၌ အကောင်းဆုံးအခြေအနေကို ပေးနိုင်သော၊ ခိုလှုံခွင့်ပေးနိုင်သော ရေဝပ်ဒေသဖြစ်ခြင်း၊ ရေပျော်ငှက်ပေါင်း ၂၀၀၀၀ နှင့်အထက် ပုံမှန်ကျက်စားနိုင်သော ရေဝပ်ဒေသဖြစ်ခြင်းအပါအဝင် စံသတ်မှတ်ချက်ကိုးချက်အနက် အနည်းဆုံးတစ်ချက်နှင့် ကိုက်ညီခြင်းတို့ကြောင့် နိုင်ငံတကာအသိအမှတ်ပြု ရမ်ဆာရေဝပ်ဒေသအဖြစ် သတ်မှတ်ခံရခြင်းဖြစ်ပါသည်။

**ရေဝပ်ဒေသများ၊ ငှက်ပျံသန်းရာလမ်းကြောင်းများနှင့် ဆောင်းခိုငှက်များ**

ရေဝပ်ဒေသများသည် သားငှက်တိရစ္ဆာန်မျိုးစိတ်များ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ ဒေသမျိုးရင်း ငှက်မျိုးစိတ်အမျိုးမျိုး၏ နေရင်းဒေသများဖြစ်ရုံသာမက မိုင်ထောင်ချီကွာဝေးသည့် ကမ္ဘာ့အအေးပိုင်းဒေသများက လာရောက်ကြသည့် ဆောင်းခိုငှက်များအတွက်လည်း မှီခိုရာ၊ တည်းခိုရာ၊ နားနေရာ ဂေဟစနစ်လည်းဖြစ်ပါသည်။ မြန်မာနိုင်ငံသည် နိုင်ငံအဆင့်နှင့် ကမ္ဘာ့အဆင့် ထူးခြားသည့် ရေဝပ်ဒေသများကို ပံ့ပိုးပေးသည့်နေရာအများအပြားကို ပိုင်ဆိုင်ထားပြီး အရှေ့အာရှ-ဩစတြေးလျ ငှက်ပျံသန်းရာလမ်းကြောင်း (East Asian–Australian Flyway) နှင့် ဗဟိုအာရှဒေသ ငှက်ပျံသန်းရာလမ်းကြောင်း (Central Asian Flyway) တွင် ကျရောက်သဖြင့် ဆောင်းခိုငှက်များစွာ လာရောက်နားခိုကြသည်ကိုလည်း တွေ့ရှိရပါသည်။

ဆောင်းခိုငှက်များစွာ ပျံသန်းသောနေရာဒေသများဖြစ်သည့် မုတ္တမပင်လယ်ကွေ့၊ အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မိုးယွန်းကြီးအင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ နံ့သာကျွန်းနှင့် မေယုမြစ်ဝ၊ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ပလိပ်အင်းနှင့် ပြူကန် အစရှိသည့် ငှက်ပျံသန်းကွန်ရက်နယ်မြေ ရှစ်ခုအား နိုင်ငံတကာအသိအမှတ်ပြု ငှက်ပျံသန်းရာလမ်းကြောင်းများအဖြစ် သတ်မှတ်နိုင်ခဲ့ပြီးဖြစ်သည်။

> **❝ ရေဝပ်ဒေသများသည် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုအမျိုးမျိုးကို ပံ့ပိုးပေးလျက်ရှိပြီး ရာသီဥတုသာယာမျှတစေရန် ထိန်းညှိပေးခြင်းဖြင့် ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေကာ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုလျက်ရှိပါသည်။ ရေဝပ်ဒေသများသည် ငါး၊ ပုစွန်၊ ကဏန်း စသည့် ရေထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ရရှိရေး၊ စားရေရိက္ခာဖူလုံရေး၊ ရေချိုသယံဇာတများရရှိရေး အတွက်လည်း အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်နေသဖြင့် ရေဝပ်ဒေသများကို စဉ်ဆက်မပြတ် ထိန်းသိမ်းကြရမည် ❞**

စာမျက်နှာ ၇ သို့ ☆

# မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ (၁/၂၀၂၄) အစည်းအဝေးနှင့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၃၂) Consultation Meeting ကျင်းပ

**နေပြည်တော်　ဇန်နဝါရီ　၃၀**

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ (၁/၂၀၂၄) အစည်းအဝေးနှင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၃၂)ဆိုင်ရာ အကြံပြုအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် Max Hotel ၌ ကျင်းပသည်။



**ပြောကြား**

ဦးစွာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီနှင့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း (National Strategic Plan for the Advancement of Women- NSPAW) Phase II (၂၀၂၃-၂၀၃၂) ရေးဆွဲရေး ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက NSPAW Phase II (၂၀၂၃-၂၀၃၂) ရေးဆွဲထားရှိမှုအပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဝင်များ၊ NSPAW ဦးဆောင်ကော်မတီဝင်များ၏ သဘောထားမှတ်ချက်များ၊ အကြံပြုချက်များရယူပြီး အတည်ပြုနိုင်ရန်၊ NSPAW Phase II ပါ လုပ်ငန်းစဉ်များအပေါ် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် အမျိုးသမီးကော်မတီများနှင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့အစည်းများ၏ အမြင်၊ သဘောထားများ ပါဝင်နိုင်စေရန်နှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် အမျိုးသမီးကော်မတီများက သက်ဆိုင်ရာကော်မတီများအလိုက် CEDAW၊ NSPAW Phase II တို့နှင့်စပ်လျဉ်းပြီး အသိပညာပေးဆောင်ရွက်နိုင်ရန် အစည်းအဝေးခေါ်ယူခြင်းဖြစ်ပါကြောင်း၊ နိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်ရှိသော အမျိုးသမီးများ၏ အင်အားဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို တစ်ဖက်တစ်လမ်းမှ ပါဝင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ် အဆင့်ဆင့်ဖွဲ့စည်းထားရှိသည့် အမျိုးသမီးကော်မတီများအနေဖြင့်လည်း ချမှတ်ထားသည့် မူဝါဒများ၊ လုပ်ငန်းတာဝန်များနှင့်အညီ အကောင်အထည်ဖော်ရာတွင် သက်ဆိုင်ရာကော်မတီဝင် ဌာနဆိုင်ရာများနှင့် ပူးပေါင်းညှိနှိုင်းချိတ်ဆက်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးက မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ (၂/၂၀၂၃) အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးများက 6th CEDAW Report နှင့် NSPAW Phase II လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဝင် ဒုတိယဝန်ကြီးများက အကြံပြုဆွေးနွေးကြသည်။

အစည်းအဝေး ဒုတိယပိုင်းတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က "အာဆီယံနိုင်ငံများရှိ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံအဆင့်ယန္တရားများ ခိုင်မာအားကောင်းလာစေရေး အလုပ်ရုံဆွေးနွေးပွဲ"နှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြသည်။ တိုင်းဒေသကြီး/ပြည်နယ် အမျိုးသမီးကော်မတီများနှင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာဌာနများမှ ကျား၊ မရေးရာတာဝန်ခံများက NSPAW Phase II ရေးဆွဲထားရှိမှုအပေါ် အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

---

☆ စာမျက်နှာ ၆ မှ

အဆိုပါနေရာများသည် လုံခြုံစိတ်ချရပြီး အစားအစာများပေါများသော ရေဝပ်ဒေသများဖြစ်သောကြောင့် ဌာနေဒေသမျိုးရင်းငှက်မျိုးစိတ်များ ပေါကြွယ်ဝသကဲ့သို့ ကမ္ဘာ့အအေးပိုင်းဒေသများမှ လာရောက်ကြသော ဆောင်းခိုငှက်များစွာ လာရောက်ခိုနားကြသည်ကိုလည်း တွေ့နိုင်ပါသည်။ ရေညှောင့်နှုတ်သီးဝိုင်းငှက် (Spoon-billed Sandpiper) နှင့် ပို့ချပ်ခေါင်းစိမ်း (Baer's Pochard)၊ မျိုးသုဉ်းရန်အန္တရာယ်ရှိသောမျိုးစိတ် (Endangered-EN) ဖြစ်သည့် ခြေစိမ်းခြောက် (Spotted Greenshank)၊ နေ့ဒ(Great Knot-EN)နှင့် မြစ်တွေးဗိုက်မည်း (Black-bellied Tern) ကဲ့သို့ ရွှေ့ပြောင်းနေထိုင်သော ရေပျော်ငှက်မျိုးစိတ်များစွာအတွက် ဆောင်းခိုသည့်ရာသီတွင် နိုင်ငံတကာအဆင့် သတ်မှတ်ချက်နှင့် ကိုက်ညီသည့်အရေးပါသောနေရာများ (Staging Sites) နှင့် ရပ်နားရာနေရာများ (Stopover Sites) ဖြစ်ပါသည်။

သစ်တောဦးစီးဌာန၏ နှစ်စဉ်ငှက်စာရင်း ကောက်ယူမှုများအရ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ရေဝပ်ဒေသတွင် ငှက်မျိုးစိတ် ၁၂၀ နှင့် ကောင်ရေ ၂၄၆၃၇ ကောင်၊ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ရေဝပ်ဒေသတွင် ငှက်မျိုးစိတ် ၁၃၉ မျိုးနှင့် ကောင်ရေ ၃၆၁၁၃ ကောင်၊ အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ရေဝပ်ဒေသတွင် ငှက်မျိုးစိတ် ၁၈၄ မျိုးနှင့် ကောင်ရေ ၁၆၇၁၁ ကောင်နှင့် မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ရေဝပ်ဒေသ၌ ငှက်မျိုးစိတ်ပေါင်း ၁၈၁ မျိုး၊ ကောင်ရေ ၁၀၅၉၉ ကောင်တို့ နေထိုင်ကျက်စားကြောင်း တွေ့ရှိရပါသည်။

Curlew Sandpiper (ရေညှောင့်နှုတ်သီးကောက်)၊ Red Knot (နေ့ဒနီ)၊ Asian Dowitcher (ပျံ့ဖြူနားမည်း)၊ Eurasian Curlew (ကုလားကောက်)၊ Black-tailed Godwit (နှုတ်သီးရှည်မြီးမည်း)၊ Spoon-Billed Sandpiper (ရေညှောင့်နှုတ်သီးဝိုင်း)၊ Spotted Greenshank (ခြေစိမ်းခြောက်)၊ Baer's Pochard (ပို့ချပ်ခေါင်းစိမ်း)၊ Greater Adjutant (ငှက်ကြီးတုံးစပ်)၊ Black-Bellied Tern (မြစ်တွေးဗိုက်မည်း)၊ Masked Finfoot (ရေဗလုံ) အစရှိသည့် ငှက်မျိုးစိတ်များပါဝင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**ရေဝပ်ဒေသများထိန်းသိမ်းခြင်း**

ရေဝပ်ဒေသများသည် မြေအသုံးချမှုပြောင်းလဲခြင်း၊ ရေအရည်အသွေးကျဆင်းခြင်း၊ ငါးအလွန်အကျွံဖမ်းခြင်း၊ ပြင်ပမျိုးစိတ်များ ကျူးကျော်ဝင်ရောက်ခြင်း၊ ရေဝပ်ဒေသများ၏ ဂေဟစနစ်၊ ရေရှည်တည်တံ့မှုကို ထိခိုက်နိုင်ခြေရှိသည့် ရေရှည်တည်တံ့မှုမရှိနိုင်သော ခရီးသွားလုပ်ငန်းများ ဆောင်ရွက်ခြင်း အစရှိသည့် ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင် ကြုံတွေ့လျက်ရှိပါသည်။ ရေဝပ်ဒေသများမှ ရေကိုအလွန်အကျွံ ထုတ်ယူ၍ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ရေနက်ကွင်းစိုက်ပျိုးမြေများ ဖော်ထုတ်ခြင်း၊ ရွှေနှင့် ဓာတ်သတ္တုအမျိုးမျိုး တူးဖော်ထုတ်လုပ်ခြင်း၊ ကမ်းရိုးတန်းဒေသများတွင် ဒီရေတောများ ပြုန်းတီးခြင်း စသည်တို့သည် မြစ်၊ ချောင်းများ၊ အင်းအိုင်များအပါအဝင် ရေဝပ်ဒေသများအတွင်းသို့ ရေစီးဆင်းမှုနှင့် ရေဝပ်ဒေသ၏ ရေလွှမ်းလွှင်ပြင်ဧရိယာများကိုပြောင်းလဲစေပြီး ပံ့ပိုးလျက်ရှိသော ရေဝပ်ဒေသများကို ထိခိုက်ပျက်စီးစေပြီး ရေဝပ်ဒေသများက ပံ့ပိုးပေးသော ဝန်ဆောင်မှုများကို ဆုံးရှုံးစေပါသည်။

အဆိုပါ ပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် သစ်တောဦးစီးဌာန သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် "အမျိုးသားရေဝပ်ဒေသမူဝါဒနှင့် မဟာဗျူဟာလုပ်ငန်းများ" ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် စတင်ရေးဆွဲနိုင်ခဲ့ပြီး ရေဝပ်ဒေသများကာကွယ်ခြင်း၊ အကျိုးရှိစွာအသုံးပြုခြင်း၊ ဖွံ့ဖြိုးရေးစီမံကိန်းများတွင် ရေဝပ်ဒေသတန်ဖိုးများကို ထည့်သွင်းဆောင်ရွက်စေခြင်း၊ ပြည်သူများ ပူးပေါင်းပါဝင်လာစေခြင်း၊ သိမြင်နိုးကြားမှုအားမြှင့်တင်ခြင်း၊ ဒေသနှင့် နိုင်ငံတကာ ရေဝပ်ဒေသအစီအစဉ်များတွင် ပါဝင်ခြင်း ဟူသည့် ရေဝပ်ဒေသ မူဝါဒခြောက်ချက်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ရေဝပ်ဒေသထိန်းသိမ်းစီမံအုပ်ချုပ်ခြင်းဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ (National Wetland Committee) ကိုလည်း ၂၀၁၆ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ပြီး ဆက်စပ်ဌာနများအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ရေဝပ်ဒေသများ ထိန်းသိမ်းရေးအတွက် အရေးကြီးသည့်သတင်းအချက်အလက်များ ပြည်သူများ၊ အကျိုးဆက်စပ်ပတ်သက်သူများထံ သတင်းပါးနိုင်ရေးအတွက် သတင်းမီဒီယာအမျိုးမျိုးဖြင့်ဖြန့်ဝေခြင်း၊ ဆွေးနွေးပွဲများ၊ ပြပွဲပြိုင်ပွဲများကျင်းပခြင်း၊ ပညာရေးအစီအစဉ်များတွင် ပေါင်းစပ်ဆောင်ရွက်ခြင်းနှင့် အသိပညာပေးခြင်း၊ ဒေသခံပြည်သူများအပါအဝင် အကျိုးဆက်စပ်ပတ်သက်သူများ ပူးပေါင်းပါဝင်စေခြင်းနှင့် ရေဝပ်ဒေသဆိုင်ရာ သိမြင်နိုးကြားမှုတိုးပွားလာစေရန်ဆောင်ရွက်ခြင်း (Communication, Education, Participation and Awareness-CEPA) တို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ရေဝပ်ဒေသများ ပျက်စီးဆုံးရှုံးရခြင်း အကြောင်းရင်းများကို ရှာဖွေဖော်ထုတ်ဖြေရှင်းခြင်း၊ လျော့ပါးစေရန် ကန့်သတ်ခြင်းနှင့် ပင်မဧရိယာမှ ဖယ်ထုတ်ခြင်း၊ ရေဝပ်ဒေသဂေဟစနစ်များ သဘာဝအလျောက် ပြန်လည်ထိန်းသိမ်းနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်း၊ ရေဝပ်ဒေသများမှ ပံ့ပိုးထောက်ပံ့သော ငါး၊ ပုစွန် အစရှိသည့် ရေထွက်ပစ္စည်းများ၊ ရေချိုများအပါအဝင် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများ တိုးပွားစေရန် ဆောင်ရွက်ခြင်း၊ ဒေသမျိုးရင်းတောရိုင်းတိရစ္ဆာန်များ၊ အပင်မျိုးစိတ်များ ထိန်းသိမ်းခြင်းနှင့် ပြင်ပမှ မျိုးစိတ်များကို ဖယ်ရှားခြင်း၊ ဒေသခံပြည်သူများ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများနှင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၊ ပညာရေးကဏ္ဍမှ ဆရာ ဆရာမများ၊ ဂေဟစနစ်ထိန်းသိမ်းရေး ပညာရှင်များနှင့် လက်တွေ့ဆောင်ရွက်နေသူများ အားလုံး တက်ကြွစွာ ပူးပေါင်းပါဝင်နိုင်စေရန် ဆောင်ရွက်ခြင်းဖြင့် ရေဝပ်ဒေသများ ထိန်းသိမ်းရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

**လူသားတို့ ကျန်းမာပျော်ရွှင်ဖို့ ရေဝပ်ဒေသများ ထိန်းသိမ်းစို့**

ရေဝပ်ဒေသများသည် ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုအမျိုးမျိုးကို ပံ့ပိုးပေးလျက်ရှိပြီး ရာသီဥတုသဘာဝမျှတစေရန် ထိန်းညှိပေးခြင်းဖြင့် ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေကာ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုလျက်ရှိပါသည်။ ရေဝပ်ဒေသများသည် ငါး၊ ပုစွန်၊ ကဏန်း စသည့် ရေထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ရရှိရေး၊ စားရေရိက္ခာဖူလုံရေး၊ ရေချိုသယံဇာတများရရှိရေးအတွက်လည်း အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်နေသဖြင့် ရေဝပ်ဒေသများကို စဉ်ဆက်မပြတ်ထိန်းသိမ်းကြရမည် ဖြစ်ပါသည်။

ပင်လယ်ကမ်းခြေရေဝပ်ဒေသများ၊ လူတို့ပြုလုပ်ဖန်တီးထားသောရေဝပ်ဒေသများနှင့် ကုန်းတွင်းရေချိုရေဝပ်ဒေသများ ဟူသည့် မတူညီသော ရေဝပ်ဒေသဂေဟစနစ်များနှင့် ဆက်စပ်နေသော သစ်တောဂေဟစနစ်များကို ထိန်းသိမ်းခြင်းဖြင့် လူ့ဘောင်အဖွဲ့အစည်းများက ရင်ဆိုင်နေရသော ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ဖြေရှင်းပေးနိုင်မည်ဖြစ်ပြီး လူသားများအတွက် ကျန်းမာခြင်းနှင့် ပျော်ရွှင်ခြင်းဆုလာဘ်များ ရရှိနိုင်မည်ဖြစ်ပါသည်။ **"လူသားတို့ ကျန်းမာပျော်ရွှင်ဖို့ ရေဝပ်ဒေသများထိန်းသိမ်းစို့"** ဟူသည့် ကမ္ဘာ့ရေဝပ်ဒေသများနေ့ ဆောင်ပုဒ်နှင့်အညီ ရေဝပ်ဒေသထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများအားလုံး ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ တိုက်တွန်းနှိုးဆော်ရင်း **"၂၀၂၄ ခုနှစ် ကမ္ဘာ့ရေဝပ်ဒေသများနေ့"** ကို ဂုဏ်ပြုအပ်ပါသည်။ ။

---

**တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွား ပြည်ထောင်စုသား သွေးချင်းများ တွဲထားလက်များ ခိုင်စေသား**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဌာနတွင်း ရုံးလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်ပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂၀**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ ရုံးလုပ်ငန်းတာဝန်များကို စနစ်တကျထမ်းဆောင်နိုင်စေရန်နှင့် ရုံးလုပ်ငန်းစွမ်းဆောင်ရည်များ တိုးမြင့်လာစေရန် ရည်ရွယ်၍ ဌာနတွင်းရုံးလုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ နေပြည်တော်နှင့် တိုင်းဒေသကြီး /ပြည်နယ်ရုံးခွဲများမှ သင်တန်းသားသင်တန်းသူများက Hybrid စနစ်ဖြင့် တက်ရောက်ကြသည်။





အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ရုံးလုပ်ငန်းများဆောင်ရွက်ရာတွင် စနစ်တကျရှိခြင်းနှင့် စည်းစနစ်ကျနစွာ လုပ်ကိုင်ဆောင်ရွက်ခြင်းသည် လုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် အဓိကကျသော အခန်းကဏ္ဍဖြစ်သောကြောင့် ကြိုးစားလုပ်ဆောင်ကြရန် လိုအပ်ပါကြောင်း၊ နေ့စဉ်လုပ်ငန်းဆောင်တာများကို စနစ်တကျပြီးမြောက်အောင် အဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် စီမံနိုင်ရေးမှာလည်း အရေးကြီးပါကြောင်း၊ ယခုသင်တန်းကို တက်ရောက်ကြမည့် အငယ်တန်းစာရေးဝန်ထမ်းများအနေဖြင့် ဝန်ကြီးဌာန၏သမိုင်းကြောင်း၊ လုပ်ငန်းစဉ်၊ မူဝါဒ၊ စံချိန်စံနှုန်းများကို သိရှိအောင် ကြိုးစားသင်ယူလေ့လာကြရန်နှင့် ခေတ်နှင့်လျော်ညီသော စွမ်းဆောင်ရည်များ ပြည့်ဝအောင် ကြိုးစားပြီး ဝန်ထမ်းကောင်းတစ်ဦးဖြစ်အောင် အကောင်းဆုံး လေ့လာသင်ယူကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက ဝန်ကြီးဌာနမှ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍအတွင်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှု၊ ဟောပြောပွဲ၊ စာတမ်းဖတ်ပွဲနှင့် အတွေ့အကြုံဖလှယ်ပွဲများ၊ ဘာသာစကားသင်တန်းများနှင့် မွမ်းမံသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှု၊ ပြည်တွင်း/ပြည်ပသင်တန်းများသို့ စေလွှတ်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် ဌာနတွင်း ရုံးလုပ်ငန်း စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း ဖွင့်လှစ်သင်ကြားပေးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

# နည်းပညာတက္ကသိုလ်(မန္တလေး) ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကျင်းပ

**မန္တလေး ဇန်နဝါရီ ၂၀**

နည်းပညာတက္ကသိုလ်(မန္တလေး)၏၂၀၂၃-၂၀၂၄ ပညာသင်နှစ် မောင်မယ်သစ်လွင် ကြိုဆိုပွဲအခမ်းအနားကို ပုသိမ်ကြီးမြို့နယ်ရှိ အဆိုပါတက္ကသိုလ်၏ စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က ကြိုဆိုအဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ နည်းပညာတက္ကသိုလ်(မန္တလေး)မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာ နှစ်သစ်ရှိန်က ကျောင်းသားကျောင်းသူများ၏ ပညာရပ်ဆိုင်ရာများနှင့် ကျေးဇူးတင်စကားကိုလည်းကောင်း၊ ကျောင်းသားတစ်ဦးနှင့် ကျောင်းသူတစ်ဦးတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများကိုလည်းကောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ဆုရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေများနှင့် ကပြဖျော်ဖြေသည့်အဖွဲ့အတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို ချီးမြှင့်ခဲ့ပြီး ဘာသာရပ်အလိုက် ကျောင်းသား ကျောင်းသူများ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နည်းပညာတက္ကသိုလ် (မန္တလေး)အတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့က လှူဒါန်းသည့် ငွေကျပ်သိန်း ၇၀ ကျော် တန်ဖိုးရှိ ၁၂၀ လီတာဆံ့ Mobile အမှိုက်ပုံး ၅၀ ကို ဒုတိယပါမောက္ခချုပ်ထံ ပေးအပ်သည်။




ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် နည်းပညာတက္ကသိုလ် (မန္တလေး)တွင် ကျောင်းသား ကျောင်းသူများအတွက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက တာဝန်ယူတည်ဆောက်နေသည့် စားသောက်နားနေဆောင်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

---



# မန္တလေးတိုင်းဒေသကြီးနယ်မြေ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်း ဆောင်ရွက်

**မန္တလေး ဇန်နဝါရီ ၂၀**

မန္တလေးတိုင်း ဒေသကြီးနယ်မြေ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ် မဲပေးလေ့လာသည့် အသိပညာပေးအစီအစဉ်ကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရမည်းသင်းမြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု ၆၈ ခုမှ ပြည်သူ ၂၆၀၊ ပျော်ဘွယ်မြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု ၈၄ ခုမှ ပြည်သူ ၂၆၈ ဦး စုစုပေါင်း ၅၂၈ ဦး တက်ရောက်ပြီး လက်တွေ့စမ်းသပ် မဲပေးလေ့လာကြသည်။

တိုင်းဒေသကြီး ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများက MEVM စက်ဖြင့် စမ်းသပ်မဲပေးမှု အဆင့်ဆင့်ကို ရှင်းလင်းပြသဆောင်ရွက်ကြပြီး တက်ရောက်လာကြသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပညာရေး ဝန်ကြီးဌာနတို့မှ ဝန်ထမ်းများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများက စိတ်ပါဝင်စားစွာဖြင့် လက်တွေ့စမ်းသပ်မဲပေးကြသည်။ စမ်းသပ်မဲပေးသူများက ယခင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲများတွင် မဲရုံအဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအရ နောင်ကျင်းပမည့် ရွေးကောက်ပွဲများအတွက် ပိုမိုကောင်းမွန်စေမည့် အကြံပြုချက်များကိုလည်း ပေးကြသည်။ မန္တလေးတိုင်းဒေသကြီးနယ်မြေအတွင်းရှိ မြို့နယ် ၁၈ မြို့နယ်တွင် ဇန်နဝါရီ ၁၅ ရက်မှ ၂၀ ရက်အထိ မဲဆန္ဒရှင်စုစုပေါင်း ၁၂၂၆၀ က အီလက်ထရောနစ်မဲပေးစက်ဖြင့် ကိုယ်တိုင်လက်တွေ့စမ်းသပ်မဲပေးလေ့လာခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

---

# မိုင်းဖြတ်မြို့နယ်တွင် ဒေသခံတိုင်းရင်းသားပြည်သူများအား အထူးကုဆရာဝန်ကြီးများ ကွင်းဆင်း ဆေးကုသမှုများ ဆောင်ရွက်

**ကျိုင်းတုံ ဇန်နဝါရီ ၂၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံ ပြည်သူ့ဆေးရုံကြီးမှ အထူးကုသရေး ဆရာဝန်ကြီးများ ပါဝင်သော ကွင်းဆင်းဆေးကုသရေးအဖွဲ့သည် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် အတွင်းရှိ ဒေသခံတိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ဇန်နဝါရီ ၂၇ ရက်က မိုင်းဖြတ်မြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ကွင်းဆင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာစည်သူအောင်၊ ကျိုင်းတုံ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ အောင်ဝင်းတို့က ကွင်းဆင်း ကြီးကြပ်မှုဖြင့် အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက မိုင်းဖြတ်မြို့နယ်မှ ဒေသခံ တိုင်းရင်းသားပြည်သူများ၏ မျက်စိ၊ နား/နှာခေါင်း/လည်ချောင်း၊ သွားနှင့်ခံတွင်း၊ ခွဲစိတ်၊ အရိုး၊ သားဖွားမီးယပ်၊ ကလေး၊ စိတ်ကျန်းမာရေး၊ ပြန်လည် သန်စွမ်းမှုကုသရေးနှင့် အထွေထွေလူနာ စုစုပေါင်း ၅၂၄ ဦးအား စနစ်တကျ ကုသဆောင်ရွက်ခြင်းအပြင် ပုံမှန်ကာကွယ်ဆေးထိုးခြင်းနှင့် Pfizer Covid ကာကွယ်ဆေးများ ထိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**



---

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၂၀**

ကရင်ပြည်နယ်တွင် နေရာအနှံ့အပြား၊ မွန်ပြည်နယ်တွင် နေရာစိပ်စိပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

## ရှမ်းပြည်နယ်ဝန်ကြီးချုပ် အောင်သပြေအခြေခံပညာ အထက်တန်းကျောင်း ပညာရေးစုံညီပွဲတော် တက်ရောက်ချီးမြှင့်



**တောင်ကြီး ဇန်နဝါရီ ၃၀**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက် ၈ နာရီက တောင်ကြီးမြို့နယ် အောင်သပြေအခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော်ကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်လူမှုရေးဝန်ကြီး၊ တောင်ကြီးခရိုင် ပညာရေးမှူး၊ အောင်သပြေအခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍အောင်သပြေအခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများက ကြိုဆိုပါသည် စုံညီပွဲတော်သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ဘက်စုံဖွံ့ဖြိုးတိုးတက်မှ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ ကျောင်းအကျိုးဆောင်များကလည်း ကျောင်း၏ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ပေးသည့် အဖွဲ့များဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပညာရေးကဏ္ဍကို အဆင့်ဆင့်ဆောင်ရွက်ပေးလျက်ရှိပြီး ကျောင်းသား ကျောင်းသူများအနေဖြင့် ပညာရေးကဏ္ဍတွင် ထူးချွန်ထက်မြက်အောင် ကြိုးစားပေးကြရန် ပြောကြားသည်။

ထို့နောက်၂၀၂၃-၂၀၂၄ ပညာသင်နှစ် စာပေ၊ ဂီတ၊ အနုပညာနှင့် အားကစား ဘက်စုံထူးချွန်ဆုများ ရရှိသော ကျောင်းသား ကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်းတို့က ဆုများချီးမြှင့်ပေးကြပြီး ကျောင်းသား ကျောင်းသူလေးများက အကပဒေသာဖြင့် ကပြဖျော်ကြ၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက အောင်သပြေအခြေခံပညာ အထက်တန်းကျောင်း ဘင်ခရာတပ်ဖွဲ့၊ ပန်းဖွားအဖွဲ့၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့နှင့် ကျောင်းအတွက် ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ရာ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းအုပ်ဆရာမကြီးတို့က လက်ခံရယူကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



## အင်းစိန်မြို့နယ် အမှတ်(၈)အခြေခံပညာ အထက်တန်းကျောင်း၌ ပညာရေးစုံညီပွဲတော်ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၃၀**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက်ပိုင်းက အင်းစိန်မြို့နယ် အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်း ဝေရတ်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ အင်းစိန်မြို့နယ် ပညာရေးမှူး ဒေါ်ဝင်းဝင်းနွယ်က အဖွင့်အမှာစကားပြောကြားပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစိုးရနည်းပညာအထက်တန်းကျောင်း(ရွာမ) ညွှန်ကြားရေးမှူး ဦးဇေယျာအောင်က သက်မွေးပညာရပ်သည် MSME အတွက် များစွာအထောက်အကူပြုကြောင်း၊ Grade-9 အောင်မြင်ပြီးသူများ တက်ရောက်ခွင့်ရနိုင်သော သက်မွေးပညာရပ်များအကြောင်းနှင့် စက်မှုပညာရပ်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးကြောင်း စသည်တို့ကို ပြောကြားသည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ကျောင်းအဆင့်များတွင် ထူးချွန်ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ထရော်ဖီ(Tropy)ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး အင်းစိန်မြို့နယ် အတွင်းရှိအခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများက တေးသရုပ်ဖော်သီချင်းများနှင့် အက၊ အလှပဒေသာများဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြရာ တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ဓွဲထက်ကို(ပြန်/ဆက်)

## တာချီလိတ်မြို့၌ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှု အသိပညာပေးဟောပြော

**တာချီလိတ် ဇန်နဝါရီ ၃၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနကကြီးမှူး၍ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူးရန်ပုံငွေ (၂၀၂၁)ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောပွဲကို ဇန်နဝါရီ ၃၀ ရက် နံနက် ၁၀ နာရီခွဲက တာချီလိတ်မြို့နယ် လွယ်တော်ခမ်း ကျေးရွာအုပ်စု နာသာလိကျေးရွာတွင် ကျင်းပခဲ့သည်။



**အသိပညာပေး**

အသိပညာပေး ဟောပြောပွဲတွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးချမ်းမြေ့စိုးက မီးခိုးမြူငွေ့များကြောင့် လေထုညစ်ညမ်း၍ ဖြစ်ပွားစေနိုင်သော ဆိုးကျိုးများနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုလျော့ချရေး လုပ်ငန်းစဉ်များ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကိုက မီးခိုးမြူငွေ့ကင်းစင်ရေးအတွက် ထုတ်ပြန်ထားသည့် ဒေသန္တရအမိန့်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်းနိုင်က ပြစ်မှုပြစ်ဒဏ်များကို အသိပညာပေး ဟောပြောသည်။

**ဟောပြောဆွေးနွေး**

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဇော်ဝင်းမြင့်သန်းက သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် လယ်ယာစွန့်ပစ်ပစ္စည်းများအား စနစ်တကျပြန်လည်အသုံးပြုရေး၊ မြို့နယ်သစ်တောဦးစီးဌာနက သစ်တောသစ်ပင်များနှင့် ကြိုးဝိုင်းကြိုးပြင် ကာကွယ်တောများ ထိန်းသိမ်းရေးနှင့် တောမီးမရှို့စေရေး၊ မြို့နယ်ဘေးအန္တရာယ် စီမံခန့်ခွဲရေးဦးစီးမှူး ဒေါ်နန့်ပေါ်လင်းက သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့်အရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်ရေး၊ မြို့နယ်ဆည်မြောင်းဦးစီးမှူး ဦးဟန်ထွန်းက သဘာဝရေအရင်းအမြစ်များ ထိန်းသိမ်းရေးနှင့် စနစ်တကျသုံးစွဲရေးတို့ကို ဟောပြောဆွေးနွေးသည်။

ထို့နောက် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

သန်းဇော်(တာချီလိတ်)

## တနသ်ာရီအထက်၌ ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး



**တနင်္သာရီ ဇန်နဝါရီ ၃၀**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တနင်္သာရီမြို့နယ် ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးမြင့်ကြွယ်နှင့် ဝန်ထမ်းများက ပန်းခင်းအဆင့်(၃)စီမံချက်ဖြင့် ဇန်နဝါရီ ၂၇ မှ ၂၈ရက်အထိ တနင်္သာရီမြို့ အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ထိုသို့နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးရာတွင် ကျောင်းသား ၁၂၉ ဦးနှင့် ကျောင်းသူ ၁၄၄ ဦး စုစုပေါင်း ၂၇၃ ဦးတို့အား အသက် ၁၀ နှစ်ပြည့်ပြီး နိုင်-၃(က)ကတ်ပြားများကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

နန်းသာရီ-ထိန်ဝင်း



## ကွမ်းခြံကုန်းမြို့နယ်၌ ရေကန်ခြံစည်းရိုးကာရံခြင်းနှင့် မြေသားရေကန်တူးဖော်ခြင်း ဆောင်ရွက်ပြီးစီးမှုစစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၃၀**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အောက်ဆိပ်ကျေးရွာနှင့် ကညင်ကုန်းကျေးရွာတို့တွင် ရေကန်ခြံစည်းရိုးကာရံခြင်း လုပ်ငန်းများနှင့် တောင်ကုန်းကျေးရွာတွင် မြေသားရေကန်အသစ် တူးဖော်ခြင်းလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ဇန်နဝါရီ ၃၀ ရက်က အဆိုပါကျေးရွာများ၌ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကြည့်ရှုစစ်ဆေး**

ကွင်းဆင်းစစ်ဆေးရာတွင် တွံတေးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးနေဝင်း၊ မှော်ဘီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူးဒေါ်ဆွေဆွေမြင့်နှင့် တာဝန်ရှိသူများက အောက်ဆိပ်ကျေးရွာနှင့် ကညင်ကုန်းကျေးရွာတို့တွင် ရေကန်ခြံစည်းရိုးကာရံခြင်း လုပ်ငန်းများနှင့် တောင်ကုန်းကျေးရွာတွင် Silver Wall Co.,Ltd. က ဆောင်ရွက်သည့် မြေသားရေကန်အသစ် တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ကိုဇင်(ပြန်/ဆက်)

■

# တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်အခမ်းအနားသို့ တက်ရောက်



ထားဝယ် ဇန်နဝါရီ ၂၀

တနင်္သာရီတိုင်းဒေသကြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ထားဝယ်မြို့ မြို့တော်ခန်းမ၌ အတီး၊ အမှုတ်၊ အကများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးသန့်ဇင်တို့က ပညာရေးစုံညီပွဲတော်အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းသား ကျောင်းသူများက စုံညီပွဲတော် တို့နွဲ့ပျော် သီချင်းဖြင့် သီဆိုဖွင့်လှစ်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဦးဝင်းနောင်က တိုင်းဒေသကြီးပညာရေးစုံညီပွဲတော် ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တိုင်းဒေသကြီးမှ ဗဟိုအဆင့်တွင် ဆုရရှိသောကျောင်းသား ကျောင်းသူများနှင့် တိုင်းဒေသကြီးအဆင့်တွင် ဆုရရှိသောကျောင်းသားကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး တက်ရောက်လာသောဧည့်သည်တော်များအား ဆရာ ဆရာမများနှင့် အခြေခံပညာကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူများက ထာဝရသစ္စာ၊ ဒို့တာဝန်၊ ပြည်ထောင်စုသွေး၊ ပုဂံအက၊ မြတ်ဆရာရဲ့အားမာန်၊ ဘက်စုံပညာဂုဏ်ရည် တို့လှမ်းချီ သီချင်းဖြင့် သီဆိုကပြဖျော်ဖြေခဲ့ကြကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

---



## အင်္ဂပူမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

အင်္ဂပူ ဇန်နဝါရီ ၂၀

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနက ယနေ့ မွန်းလွဲ ၁ နာရီက အင်္ဂပူမြို့နယ် အမှတ်(၂)ရပ်ကွက်အတွင်းရှိ လူနေအိမ်များတွင် မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများနှင့် မီးလောင်မှုများ မဖြစ်ပွားစေရေး တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲမင်းသိန်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့များက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ရပ်ကွက်နေ ပြည်သူများအား ဆွေးနွေးမှာကြားပြီး နေအိမ်များအတွင်း မီးဘေးလုံခြုံစိတ်ချရမှု ရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

## ရောင်ခြည်ဦးရောင်းဝယ်ရေးသမဝါယမအသင်း၏ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၀

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရောင်ခြည်ဦးရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယနေ့ နံနက် ၁၁ နာရီက မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရောင်ခြည်ဦး ရောင်းဝယ်ရေးသမဝါယမအသင်း သဘာပတိ ဦးအုန်းကျော်က ဆောင်ရွက်လျက်ရှိသော သမဝါယမလုပ်ငန်းများအကြောင်းနှင့် ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ၂၀၂၂-၂၀၂၃ ခုနှစ် ဘဏ္ဍာရေးရှင်းတမ်းနှင့် အစီရင်ခံစာများကို တာဝန်ရှိသူများက ဖတ်ကြားအတည်ပြုခဲ့ပြီး အသင်းသားများ၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် အစုပေါ်အမြတ်ငွေ ၄၆၁၂၃၈ ကျပ်ကို အသင်းသားများအား ထုတ်ပေးခဲ့ကြောင်း သိရသည်။

**မြင့်မြင့်ရီ(ပြန်/ဆက်)**



---

## မုဒုံမြို့နယ် ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

မုဒုံ ဇန်နဝါရီ ၂၀

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့က အထက(၁)ရှိ ရှင်အရဟံခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို မုဒုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးပြည်သိမ်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ပညာရေးမှူးက ပညာရေးစုံညီပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဘက်စုံလူရည်ချွန်၊ ပညာရည်ချွန်၊ ကာယ၊ ဉာဏ ပြိုင်ပွဲများတွင် ထူးချွန် စွာဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများနှင့် ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ချီးမြှင့်ပြီး ကျောင်းသား ကျောင်းသူများက တေးသရုပ်ဖော် ရိုးရာယဉ်ကျေးမှုအကအလှများဖြင့် ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။ **အောင်မျိုးသူ(ပြန်/ဆက်)**



---

## ကျိုက်မရောမြို့နယ်ရှိ စက်သုံးဆီ အရောင်းဆိုင်များ၌ မီးဘေးလုံခြုံရေး စစ်ဆေးခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြသ



ကျိုက်မရော ဇန်နဝါရီ ၂၀

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ စက်သုံးဆီ အရောင်းဆိုင်များ မီးဘေးလုံခြုံရေး စစ်ဆေးအကြံပြုခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြသခြင်းကို ယနေ့ နံနက်ပိုင်းက ရန်မျိုးအောင်ရပ်ကွက်ရှိ PUMA စက်သုံးဆီဆိုင်နှင့် ရေတွင်းကုန်းကျေးရွာရှိ EVER TOP စက်သုံးဆီဆိုင်များ၌ လက်တွေ့ဆောင်ရွက်ရာ ကျိုက်မရောမြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်သောင်းဦးနှင့် တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းအဖွဲ့များက စက်သုံးဆီဆိုင်များ၌ မီးဘေးလုံခြုံရေး စစ်ဆေးအကြံပြုခြင်းနှင့် မီးငြိမ်းသတ်ခြင်းများကို လက်တွေ့သရုပ်ပြသဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မိချို(ပြန်/ဆက်)**

---

## တန့်ယန်းမြို့နယ်၌ မီးဘေးအန္တရာယ် ကာကွယ်တားဆီးရေး အသိပညာပေး ဟောပြော

တန့်ယန်း ဇန်နဝါရီ ၂၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးနှင့် မီးဘေးအသိ၊ မီးဘေးသတိ ရှိစေရေးအတွက် အသိပညာပေး ဟောပြောခြင်းနှင့် လက်တွေ့ သရုပ်ပြသခြင်းကို ဇန်နဝါရီ ၂၉ ရက်က အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။



အဆိုပါ အသိပညာပေး ဟောပြောခြင်းနှင့် လက်တွေ့ သရုပ်ပြသခြင်းတွင် မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဝေဖြိုးလွင်က မီးဘေးအန္တရာယ် ကာကွယ်တားဆီးရေးနှင့် မီးဘေးအသိ၊ မီးဘေးသတိရှိစေရေးအတွက် မီးပေါ့ဆမှုမရှိစေရေး၊ ကြိုတင်ကာကွယ်ရေး၊ မီးဘေးအန္တရာယ်ကြုံတွေ့ပါက ဆောင်ရန် ရှောင်ရန် အချက်အလက်များကို ပရိုဂျက်တာဖြင့် ရှင်းလင်းဟောပြောသည်။

ယင်းနောက် မီးဘေးအန္တရာယ် ကာကွယ်တားဆီးရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်နည်းများကို မြို့နယ်ဦးစီးမှူး ဦးဝေဖြိုးလွင်နှင့် ဝန်ထမ်းများက လက်တွေ့သရုပ်ပြသရာ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းခမ်းမန်၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **မင်းလွင်ဦး(ပြန်/ဆက်)**

---

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၂၀

လိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ဇန်နဝါရီ ၂၀

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက်(၂၅) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**မုံရွာ ဇန်နဝါရီ ၃၀**

၂၀၂၄ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက်(၂၅) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မုံရွာမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကားပြောကြားပြီး ၂၀၂၄ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကြီးအား ဖွင့်လှစ်ပေးသည်။

**ထောက်ပံ့ပေးအပ်**

ဆက်လက်၍ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်



အားပေးကာ ပြိုင်ပွဲဝင်အသင်းများအား လေ့ကျင့်ရေးဘောလုံးများ ထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဘင်ခရာ/ပန်းဖွားအဖွဲ့အားလည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက Fitness Dance အဖွဲ့အားလည်းကောင်း၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက အလံနှင့်ဆိုင်းဘုတ်ကိုင်အဖွဲ့များအား လည်းကောင်း ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အဖွင့်ပွဲစဉ် ဘောလုံးပြိုင်ပွဲ အဖြစ် မုံရွာခရိုင်အသင်းနှင့် ကလေးခရိုင်အသင်းတို့ ယှဉ်ပြိုင် ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ ၂၀၂၄ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကြီးကို ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၁၆ ရက်အထိ မုံရွာမြို့ ပြည်သူ့အားကစားကွင်း၌ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးအတွင်းရှိ ခရိုင် ၁၃ ခုမှ ပြိုင်ပွဲဝင်အားကစားသမား ၂၈၆ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## သတင်းကြေညာချက်

၁။ Campana Mythic Co.,Ltd သည် မြန်မာ-စင်ကာပူ အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေအောက်ဖိုင်ဘာကေဘယ် သွယ်တန်းခြင်းလုပ်ငန်းကို ရေအောက်ကေဘယ်ချခင်းသည့် သင်္ဘော CS. Prima Nusantara X ဖြင့် မြန်မာ့ရေပိုင်နက်အတွင်း ဆောင်ရွက်သွားမည့် ဧရိယာများဖြစ်သော မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၂ ဒသမ ၄၉၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၉ ဒသမ ၀၀၆ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၅၇ ဒသမ ၀၆၉ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၅ ဒသမ ၆၂၉ မိနစ်တွင် (၂၈-၁-၂၀၂၄)ရက်နေ့မှ(၁၁-၂-၂၀၂၄) ရက်နေ့အထိလည်းကောင်း၊ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၅ ဒသမ ၄၈၅၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၉ ဒသမ ၆၆၁၀ မိနစ်၊ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၄ ဒသမ ၉၂၈၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၁၉၆ ဒီဂရီ ၂၉ ဒသမ ၅၃၉၀ မိနစ်၊ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁ ဒသမ ၁၅၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၈ ဒသမ ၇၀၅၂ မိနစ်၊ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၀ ဒသမ ၇၈၇၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၈ ဒသမ ၆၂၁၇ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၆ ဒသမ ၅၇၈၉ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၃ ဒသမ ၅၂၆၈ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၅ ဒသမ ၈၃၆၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၃ ဒသမ ၄၉၇၈ မိနစ်တွင် (၁၂-၂-၂၀၂၄) ရက်နေ့မှ (၁၄-၂-၂၀၂၄) ရက်နေ့အထိ လည်းကောင်း၊ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၅ ဒသမ ၄၈၅၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၉ ဒသမ ၆၆၁၀ မိနစ်၊ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၄ ဒသမ ၉၂၈၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၉ ဒသမ ၅၃၉၀ မိနစ်တွင် (၁၅-၂-၂၀၂၄) ရက်နေ့မှ (၁၆-၂-၂၀၂၄) ရက်နေ့အထိလည်းကောင်း၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၂ ဒသမ ၆၄၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၁ ဒသမ ၃၄၈ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၁ ဒသမ ၆၄၆ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၁ ဒသမ ၃၃၈ မိနစ်တွင် (၁၇-၂-၂၀၂၄) ရက်နေ့မှ (၂၁-၂-၂၀၂၄) ရက်အထိလည်းကောင်း၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၇ ဒသမ ၆၆၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၃ ဒသမ ၀၅၇ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၇ ဒသမ ၁၆၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၂ ဒသမ ၄၁၃ မိနစ်တွင် (၂၂-၂-၂၀၂၄) ရက်နေ့မှ (၂-၃-၂၀၂၄)ရက်နေ့အထိလည်းကောင်း၊ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၅ ဒသမ ၉၈၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၃၁ ဒသမ ၉၆၅ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၇ ဒသမ ၃၈၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၂ ဒသမ ၄၁၇ မိနစ်တွင် (၃-၃-၂၀၂၄ ရက်နေ့မှ (၅-၅-၂၀၂၄)ရက်နေ့အထိလည်းကောင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ မြန်မာ့ရေပိုင်နက်အတွင်း ဆောင်ရွက်သွားမည့် ပင်လယ်ရေအောက်ဖိုင်ဘာကေဘယ်များ ပြုပြင်ရေးလုပ်ငန်းများကိုဆောင်ရွက်မည့်လမ်းကြောင်းတစ်လျှောက် လုပ်ငန်းဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါတည်နေရာ ဧရိယာများအတွင်းအားရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

## မရမ်းကုန်းမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၃၀**

မရမ်းကုန်းမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးစိုးနိုင် ဦးဆောင်၍ တာဝန်ရှိသူများက ယနေ့နံနက် ၈ နာရီမှ စတင်ကာ မရမ်းကုန်းမြို့နယ် အမှတ် (၁)ရပ်ကွက် မြို့ဟောင်းပိုင်းအတွင်းရှိ နေအိမ်များသို့ မီးသုံးစွဲမှု စနစ်တကျရှိစေရေး အတွက် တစ်အိမ်တက်ဆင်း လိုက်လံ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



ထို့နောက် မီးလောင်ပါက မီးသတ်ဦးစီးဌာနသို့ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ၊ မီးလောင်မှုအမျိုးအစားအလိုက် မီးလောင်မှုမကြီးမားခင် ပြည်သူများ ကိုယ်တိုင် ငြိမ်းသတ်နိုင်သည့် နည်းစနစ်များနှင့် မီးဘေးအန္တရာယ် ကြုံတွေ့ချိန်တွင် အသက်အန္တရာယ် မထိခိုက်စေရေးအတွက် ဆောင်ရွက်ရမည့် အချက်အလက် များကိုလည်း ပညာပေး ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## အလုံမြို့နယ်၌ တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေး ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၃၀**

အလုံမြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးလုံခြုံရေး တစ်အိမ်တက်ဆင်း စစ်ဆေးရေးလုပ်ငန်းများကို ယနေ့နံနက် ၈ နာရီမှစ၍ ကွင်းဆင်းဆောင်ရွက်ရာ မီးသတ်ဦးစီးဌာနမှ ဒုတိယမြို့နယ် မီးသတ်ဦးစီးမှူး ဦးထက်မျိုးလှိုင်ဦးဆောင်သည့် သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် အလုံမြို့နယ်ရှိ ရပ်ကွက်များတွင် မီးသတိမူရေး ဆော်သြခြင်းလုပ်ငန်းများနှင့် မီးဘေးလုံခြုံရေးအတွက် တစ်အိမ်တက်ဆင်း မီးသတ်ဆေးဘူးများ အသင့်ဆောင်ရွက်ထားရှိမှုများ၊ မီးသုံးစွဲမှုများ၊ လျှပ်စစ်မီးကြိုးများ သွယ်တန်းထားရှိမှု (စနစ်ကျ/မကျ)များ စစ်ဆေးခြင်းနှင့် မီးဘေးကြိုတင်ကာကွယ်ရေး အတွက် အကြံပြုပြောကြားခဲ့ကြောင်း သိရသည်။



**တင်တင်ချို (ပြန်/ဆက်)**

## လက်ပံတန်းမြို့၌ ဆုံဆို့ကြက်ညှာကာကွယ်ဆေး အပိုဆောင်းထိုးနှံ

**လက်ပံတန်း ဇန်နဝါရီ ၃၀**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ခန်းမတွင် ယနေ့နံနက် ၉ နာရီက မြို့နယ်ဆရာဝန်ကြီး ဒေါက်တာတင်ဇော်ဝင်းနှင့် ဆရာမများက အသက် ငါးနှစ်မှ ခုနစ်နှစ်အထိ KG ကျောင်းသား ၃၀ တို့အား ဆုံဆို့ကြက်ညှာ ကာကွယ်ဆေး အပိုဆောင်း ထိုးနှံပေးသည်။



အဆိုပါ ထိုးနှံပေးခြင်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမင်းအောင်၊ မြို့နယ် ပညာရေးမှူး ဒေါ်ဥမ္မာဦးနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်နီနီအေး၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့တို့မှ တာဝန်ရှိသူတို့က ကြည့်ရှုအားပေးကြကြောင်း သိရသည်။

မြို့နယ်အတွင်းရှိကျောင်းပေါင်း ၂၀၇ ကျောင်း၊ ကျောင်းသားဦးရေ ၃၂၉၀ တို့အား ဆုံဆို့ကြက်ညှာ ကာကွယ်ဆေး အပိုဆောင်း ဆက်လက် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ဆင့်**

## ပခုက္ကူမြို့၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ပခုက္ကူ ဇန်နဝါရီ ၃၀**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနက ရပ်ကွက်၊ ကျေးရွာရှိ ပြည်သူများ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးရည်ရွယ်၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက ပခုက္ကူမြို့ပေါ်ရပ်ကွက်များ၌ ကွင်းဆင်းစစ်ဆေးသည်။

**အသိပညာပေး**

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်နိုင်ဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးအောင်နှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူပေါင်းကာ ရပ်ကွက်များရှိ လူနေအိမ်များနှင့် ဟိုတယ်၊ မိုတယ်များ၌ မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများ ဆောင်ရွက်ထားမှု ရှိ၊ မရှိ လိုက်လံစစ်ဆေးပြီး အသိပညာပေးဆွေးနွေးမှာကြားခဲ့သည်။

ထို့ပြင် မီးသတ်တပ်ဖွဲ့ဝင်များက ယမန်နေ့ညနေပိုင်းက မြို့ပေါ်ရပ်ကွက်များအတွင်း မီးငြိမ်းသတ်ယာဉ်ဖြင့် လှည့်လည်ကာမီးဘေးအန္တရာယ်ကင်းဝေးစေရေး သတိပြုလိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များကို အသိပညာပေး နှိုးဆော်ခဲ့ကြကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

# လယ်ဝေးမြို့နယ် သစ်ဆိမ့်ပင် စနစ်ကျလယ်ယာမြေ ဖော်ထုတ်ခြင်းကို ယခုနှစ်မတ်လကုန် အပြီးဆောင်ရွက်မည်

**နေပြည်တော် ဇန်နဝါရီ ၂၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူများသည် ယမန်နေ့ညနေပိုင်းက နေပြည်တော် လယ်ဝေးမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာတွင် ဆောင်ရွက်လျက်ရှိသည့် စနစ်ကျလယ်ယာမြေ ၃၃၈ ဒသမ ၂၆ ဧကကို ကွင်းဆင်းစစ်ဆေးသည်။

လယ်ဝေးမြို့နယ် ချောင်းမငယ်ရေသောက်စနစ်အတွင်းရှိ အဆိုပါ စနစ်ကျလယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်းတွင် တောင်သူ ၁၁၀ (ဦးပိုင် ၁၅၅ ခု) ပါဝင်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခြင်းဖြစ်ပြီး လက်ရှိတွင် လုပ်ငန်း ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကာ ယခုနှစ်မတ်လကုန်တွင် ရာနှုန်းပြည့် ပြီးစီးမည်ဖြစ်ကာ နေပြည်တော်ကောင်စီနယ်မြေအတွင်း ယနေ့အထိ စနစ်ကျလယ်ယာမြေ ၁၃၉၃၇ ဒသမ ၈၉ ဧက ဖော်ထုတ်ပြီးဖြစ်ကြောင်း သိရသည်။

ထို့နောက်တစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လယ်ဝေးမြို့နယ် မဒန်းရေလွှဲဆည်နှင့် ဇလော လေယာဉ်ကွင်းအကြား ဆောင်ရွက်လျက်ရှိသည့် မဒန်းဆည်ရေသောက်စနစ် တည်ဆောက်ခြင်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

မဒန်းဆည်ရေသောက်စနစ်လုပ်ငန်းများတွင် ပါဝင်သည့် လယ်ယာမြေလျော်ကြေး ပေးချေခြင်းလုပ်ငန်း၊ မြေကြီးလုပ်ငန်း၊ တူးမြောင်းအဆောက်အအုံလုပ်ငန်း၊ လိုင်နင်စီခြင်းနှင့် ကန့်ကားခင်းခြင်းလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ခဲ့ရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးမြေဧက ၃၂၀၀ ကို အကျိုးပြုနိုင်ခဲ့ပြီး ယနေ့အထိ လုပ်ငန်း ၆၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကာ မတ် ၁ ရက်တွင် လုပ်ငန်းအားလုံး ပြီးစီးပါက စိုက်ပျိုးမြေ ဧက ၂၈၀၀ ကို စိုက်ပျိုးရေ တိုးမြှင့်ပေးဝေနိုင်မည်ဖြစ်၍ မဒန်းဆည်ရေသောက်စနစ်အတွင်းရှိ စိုက်ပျိုးမြေဧရိယာ စုစုပေါင်း ဧက ၆၀၀၀ ကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





# လှည်းကူးမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး တစ်အိမ်တက်ဆင်း စစ်ဆေး

**လှည်းကူး ဇန်နဝါရီ ၂၀**

လှည်းကူးမြို့နယ်၌ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး၏ လမ်းညွှန်ချက်အရ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးယုလွင် ဦးဆောင်သော သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် ယမန်နေ့နံနက်ပိုင်းက လှည်းကူးမြို့နယ် ပြည်တော်သာရပ်ကွက်နှင့် ခါးပိန်တောင်ကျေးရွာများအတွင်း နေထိုင်သော ပြည်သူများအား မီးလန့်မှုများအား လျော့နည်းပပျောက်စေရေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပြီး မီးဘေးကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ခြင်းများကိုလည်း မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများသို့ လိုက်လံလှည့်လည် သတိပေးနှိုးဆော်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လမ်းမတော်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၀**

ရန်ကုန် တိုင်းဒေသကြီး လမ်းမတော် မြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းတို့ ပူးပေါင်းစီစဉ်ကျင်းပသော ဆေးရွက်ကြီးအစားထိုး ရိက္ခာသီးနှံစိုက်ပျိုး စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက အထက(၁)ကျောင်း၌ ကျင်းပသည်။




အဆိုပါ ပန်းချီပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၃၀၊ စာစီစာကုံးပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၂၀ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲအပြီးတွင် လမ်းမတော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဇော်ထွေးက ဆေးရွက်ကြီးအစားထိုး ရိက္ခာသီးနှံစိုက်ပျိုး စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ ကျင်းပရခြင်းအကြောင်းအား ရှင်းလင်းပြောကြားပြီး လမ်းမတော်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးချိုမြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲတွင် ဆုရကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်၍ ပါဝင်ယှဉ်ပြိုင်ကြသော ကျောင်းသား ကျောင်းသူများကိုလည်း ဆေးလိပ်၊ ဆေးရွက်ကြီးအန္တရာယ် အသိပညာပေးအင်္ကျီများ မေတ္တာလက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်**

# ဓနုဖြူမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းများဆောင်ရွက်



**ဓနုဖြူ ဇန်နဝါရီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်အတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းလုပ်ငန်းများကို ယနေ့နံနက် ၁၀ နာရီက အကျော်ကျေးရွာအတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးနောင်နောင် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့များက ဆောင်ရွက်ရမည့်လုပ်ငန်းများကို ကျေးရွာနေပြည်သူများအား ဆွေးနွေးမှာကြားပြီး နေအိမ်များအတွင်း မီးဘေးလုံခြုံစိတ်ချရမှု ရှိ၊ မရှိ တို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ မီးသတ်စခန်းမှ ဦးစီးအရာရှိ ဦးဇင်ဘိုမြင့် ဦးဆောင်သော သန္ဓေတပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်(၁၃)ရပ်ကွက်ရှိ လူနေအိမ်များကို တစ်အိမ်တက်ဆင်း လိုက်လံ၍အသုံးပြုနေကြသော ထင်းမီးဖိုမီး၊ ဂက်စ်အိုးအသုံးပြုသောမီး၊ လျှပ်စစ်မီး စသော မီးအမျိုးမျိုးကို အသုံးပြုရာတွင်သတိမပြုပေါ့ဆစွာအသုံးပြုခြင်းမရှိစေရန်နှင့် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ကြရန် သတိပေးဆော်ဩခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်စဉ်။

**မိုးမိုးထွေး**



# ကျောက်ဖြူမြို့နယ်၌ ငါးမွေးတောင်သူများနှင့် တွေ့ဆုံရှင်းလင်း

**ကျုံပျော် ဇန်နဝါရီ ၂၀**

ဧရာဝတီ တိုင်းဒေသကြီး ကျုံပျော်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ဦးဆောင်ကာ ငါးမွေးတောင်သူများနှင့် တွေ့ဆုံ၍ ငါးမွေးမြူရန် လုပ်ကိုင်ခွင့်များကို တရားဝင်ရရှိစေရေးအတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီ က ကျုံပျော်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



**ရှင်းလင်းပြောကြား**

ဦးစွာ ကျုံပျော်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန တာဝန်ခံ ဦးသန်းအောင်မော်က ငါးမွေးမြူခြင်းဆိုင်ရာ အသိပညာ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် လုပ်ကိုင်/ လုပ်ပိုင်ခွင့်များအား ရှင်းလင်းပြောကြားသည်။ ထို့နောက်မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးတင်ဝင်းအောင်က လယ်ယာမြေကို ဥပဒေပုဒ်မ ၃၀(က)၊(ခ) အရ အခြားနည်းအသုံးပြုခွင့် လျှောက်ထားသည့် လုပ်ငန်းစဉ်များ၊ မြေအသုံးချမှုဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ငါးမွေးတောင်သူများက သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဟားမတ်စ်စစ်သွေးကြွအဖွဲ့နှင့် ပတ်သက်ဆက်နွှယ်နေသူများကို အရေးယူပိတ်ဆို့မည့်အစီအစဉ်အား ဂျပန်နိုင်ငံဆောင်ရွက်



**တိုကျို ဇန်နဝါရီ ၃၀**

ဂျပန်အစိုးရက ဟားမတ်စ်စစ်သွေးကြွအဖွဲ့နှင့် ပတ်သက်ဆက်နွှယ်နေသူများကို အရေးယူပိတ်ဆို့မှုများ ဆောင်ရွက်ရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြောင်း ယနေ့အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

ဟားမတ်စ်အဖွဲ့အား ငွေကြေးထောက်ပံ့သူနှစ်ဦးနှင့် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲပေးသည့် အဖွဲ့အစည်းလေးခုအား ယနေ့အရေးယူပိတ်ဆို့မှုချမှတ်ခဲ့ကြောင်း အစိုးရအဖွဲ့က ပြောကြားသည်။

ဟားမတ်စ်အဖွဲ့၏အကြမ်းဖက်တိုက်ခိုက်မှုများနှင့် အရပ်သားများအား ပြန်ပေးဆွဲခြင်းတို့ကို ဂျပန်အစိုးရက အကြမ်းဖက်မှုအဖြစ်သတ်မှတ်ပြီး ယခုကဲ့သို့ အရေးယူပိတ်ဆို့မှုများ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက မှတ်ချက်ပြုပြောကြားသည်။

ယခုကဲ့သို့ အရေးယူဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်မှာ ဟားမတ်စ်အဖွဲ့၏ ငွေကြေးထောက်ပံ့ရေးလမ်းကြောင်းကို ဖြတ်တောက်ရန်နှင့် အကြမ်းဖက်မှုများကို ငွေကြေးကူညီခြင်းမှ တားဆီးရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း အစိုးရအဖွဲ့အတွင်းရေးမှူး ဟာယာရှီရိုရှီမာဆာက မှတ်ချက်ပြုပြောကြားသည်။ ထို့ပြင် ဟားမတ်စ်အဖွဲ့နှင့် ဆက်နွှယ်နေသည့် အခြားအဖွဲ့အစည်းများကိုလည်း အရေးယူ ပိတ်ဆို့မှုများ ဆောင်ရွက်မည်ဖြစ်ကြောင်း၎င်းက ထပ်လောင်းပြောကြားသည်။ **ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-စိုးသူရ**

# ဗီယက်နမ်နိုင်ငံသို့ ဇန်နဝါရီလအတွင်း နိုင်ငံခြားသားခရီးသွား ၁ ဒသမ ၅ သန်းကျော်ဝင်ရောက်




**ဟနွိုင်း ဇန်နဝါရီ ၃၀**

ဗီယက်နမ်နိုင်ငံသို့ ၂၀၂၄ ခုနှစ် ပထမလတွင် နိုင်ငံခြားသားခရီးသွား ၁ ဒသမ ၅ သန်းကျော် စံချိန်တင်ဝင်ရောက်ခဲ့ပြီး ယခင်လနှင့် နှိုင်းယှဉ်ပါက ၁၀ ဒသမ ၃ ရာခိုင်နှုန်း တိုးမြင့်လာကြောင်းနှင့် ယမန်နှစ် အလားတူကာလထက် ၇၃ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း အထွေထွေစာရင်းအင်းများအရ သိရသည်။

ဗီယက်နမ်နိုင်ငံသို့ရောက်ရှိလာသူ အများစုအနက် ၁ ဒသမ ၃ သန်းသည် လေကြောင်းခရီးသည်များဖြစ်ပြီး နိုင်ငံအတွင်း ဝင်ရောက်လာသူ စုစုပေါင်း၏ ၈၅ ရာခိုင်နှုန်းရှိခဲ့ကာ ကုန်းလမ်းမှ ၁၇၆၉၀၀ နှင့် ရေလမ်းမှ ၄၈၄၀၀ ရှိခဲ့ကြောင်း သိရသည်။

ဇန်နဝါရီလအတွင်း လာရောက်လည်ပတ်သူအများစုမှာ အာရှဒေသမှ ၁ ဒသမ ၁ သန်းကျော်၊ ဥရောပမှ လာရောက်လည်ပတ်သူ ၂၁၆၀၀၀ ကျော်နှင့် အမေရိကမှ လာရောက်သူ ၉၇၀၀၀ ကျော်ဖြစ်ကြောင်း သိရသည်။

တောင်ကိုရီးယား နိုင်ငံသည် ဗီယက်နမ်နိုင်ငံသို့ လာရောက်သည့် ခရီးသွားအရေအတွက် အများဆုံးဖြစ်ပြီး ၄၁၇၅၇၆ ဦး လာရောက်ခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကပ်ရောဂါ မဖြစ်ပွားမီကာလတွင် ဗီယက်နမ်နိုင်ငံသို့ ဝင်ရောက်မှု အများဆုံးနိုင်ငံအဖြစ် မှတ်တမ်းဝင်ခဲ့သည့်တရုတ်နိုင်ငံသည် ဇန်နဝါရီလအတွင်း လာရောက်လည်ပတ်သူ ၂၄၂၀၈၁ ဦးဖြင့် ဒုတိယအများဆုံးနိုင်ငံအဖြစ် ရပ်တည်ခဲ့ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် နိုင်ငံခြားသားခရီးသွား ၁၇ သန်းမှ ၁၈ သန်းအထိ ရောက်ရှိရန်နှင့် ပြည်တွင်းခရီးသွား သန်း ၁၁၀ ရောက်ရှိရန် ရည်မှန်းထားပြီး ခရီးသွားလုပ်ငန်းမှ စုစုပေါင်း ဝင်ငွေ ဒေါင် ထရီလီယံ ၈၄၀ (အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၃ ဘီလီယံ) ရရှိရန် မျှော်မှန်းထားကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-အလင်းသစ်**

# အစ္စရေးနိုင်ငံ၌ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဖြစ်စဉ်များကာကွယ်ရေး အွန်လိုင်းမြေပုံထုတ်လုပ်

**ဂျေရုဆလင် ဇန်နဝါရီ ၃၀**

အစ္စရေးနိုင်ငံသည် နိုင်ငံအတွင်း ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဖြစ်စဉ်များဖြစ်သည့် ရေကြီးရေလျှံခြင်း၊ မုန်တိုင်းများတိုက်ခိုက်ခြင်း၊ တောမီးများလောင်ကျွမ်းခြင်းနှင့် အပူလှိုင်းများကျရောက်ခြင်းစသည့် ဖြစ်စဉ်များကို ကာကွယ်ရေးအတွက် အမျိုးသားအွန်လိုင်းမြေပုံကို ထုတ်လုပ်ခဲ့ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ယမန်နေ့တွင် ပြောကြားသည်။

ရှီကယ် ၉ ဒသမ ၃ သန်း (အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၄ သန်း) ကုန်ကျသည့် ၎င်းမြေပုံသည် လုံခြုံရေးတပ်ဖွဲ့များနှင့် ဒေသဆိုင်ရာ တာဝန်ရှိသူများကို ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြိုတင်ပြင်ဆင်ရေးအတွက် ဆုံးဖြတ်ချက်များချနိုင်ရန် ကူညီပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါမြေပုံအသုံးပြုသူများသည် ရာသီဥတုဆိုင်ရာ အန္တရာယ်များကို ကြိုတင်အကဲဖြတ်နိုင်ပြီး ထိရောက်သောကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နိုင်မည်ဖြစ်သည်။ ကမ္ဘာတစ်ဝန်းတွင် ပြင်းထန်သောရာသီဥတုဖြစ်စဉ်များ များပြားလာသောကြောင့် ၎င်းမြေပုံကို ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး ရာသီဥတုပြောင်းလဲမှုများသည် လာမည့်ဆယ်စုနှစ်များအတွင်း ဆိုးရွားလာမည်ဟု မျှော်လင့်ရသည်။

အဆိုပါမြေပုံအသုံးပြုခြင်းဖြင့် မြို့ပြနှင့် ကျေးလက်ဒေသများတွင် ဖြစ်လာနိုင်သည့် ရေကြီးရေလျှံမှုများနှင့်အပူဒဏ်ကိုကြိုတင်ကာကွယ်နိုင်မည်ဖြစ်သည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# အာဖဂန်နစ္စတန်၌ ကလေးငယ် ၇ ဒသမ ၅ သန်းအား ပိုလီယိုရောဂါကာကွယ်ဆေး တိုက်ကျွေးမည်

**ကဘူးလ် ဇန်နဝါရီ ၃၀**

အာဖဂန်နစ္စတန်နိုင်ငံ၏ ပြည်နယ် ၃၄ ခုအနက် ပြည်နယ် ၂၁ ခုမှ အသက်ငါးနှစ်အောက် ကလေးငယ် ၇ ဒသမ ၅ သန်းကျော်အား ပိုလီယိုရောဂါကာကွယ်ဆေး တိုက်ကျွေးမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဇန်နဝါရီ ၂၉ ရက်တွင် စတင်ခဲ့သည့် လေးရက်ကြာ ပိုလီယိုရောဂါတိုက်ဖျက်ရေး လုပ်ငန်းမှုအတွင်း ပြည်နယ် ၂၁ ခုရှိ ခရိုင် ၂၃၃ ခုမှ အသက်ငါးနှစ်အောက်ကလေးငယ် စုစုပေါင်း ၇၅၈၀၀၈၅ ဦးအား ပိုလီယိုရောဂါကာကွယ်ဆေးများ တိုက်ကျွေးမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ပါရှိသည်။

၂၀၂၃ ခုနှစ်တွင် အာဖဂန်နစ္စတန်နိုင်ငံ၌ ပိုလီယိုရောဂါဖြစ်ပွားသူ ခြောက်ဦးရှိခဲ့ကြောင်း သိရသည်။ အာဖဂန်နစ္စတန်နိုင်ငံ၌ ယခုနှစ်အတွင်း လက်ရှိအချိန်အထိ ပိုလီယိုရောဂါဖြစ်ပွားမှုမရှိသေးကြောင်း သိရသည်။

ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာကလေးသူငယ်များ အရေးပေါ်ရန်ပုံငွေအဖွဲ့၏အဆိုအရ အာဖဂန်နစ္စတန်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့သည် ကမ္ဘာပေါ်တွင် ပိုလီယိုရောဂါဖြစ်ပွားမှုအများဆုံးသော နိုင်ငံများထဲ၌ ထိပ်ဆုံးတွင်ကျန်ရှိနေသေးကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**





# ဥရောပသမဂ္ဂက ချမှတ်ထားသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းများအား ပြင်သစ်လယ်သမားများကန့်ကွက်ဆန္ဒပြ

**ပါရီ ဇန်နဝါရီ ၃၀**

ဥရောပသမဂ္ဂက ချမှတ်ထားသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာစည်းမျဉ်းများကို ပြင်သစ်လယ်သမားများက ကန့်ကွက်ဆန္ဒပြခဲ့ကြောင်း ယနေ့အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

အဆိုပါဆန္ဒပြလယ်သမားများသည် ပါရီမြို့ မြောက်ဘက်ရှိ အဝေးပြေးလမ်းမများကို ထွန်စက် ၅၀ ခန့်ဖြင့် ပိတ်ဆို့ထားပြီး စိုက်ပျိုးရေးကဏ္ဍတွင် စရိတ်များမြင့်တက်လာခြင်းကို အစိုးရက ပံ့ပိုးကူညီပေးရေးအတွက် တောင်းဆိုခဲ့ကြသည်။ ဥရောပသမဂ္ဂ၏ စည်းမျဉ်းများမှာ တင်းကျပ်လွန်းပြီး စိုက်ပျိုးထုတ်လုပ်မှုစရိတ်မြင့်တက်လာသဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို မိမိတို့ ဆက်လက်မဆောင်ရွက်နိုင်တော့ကြောင်း လယ်သမားတစ်ဦးဖြစ်သူ ဂျော်ဂီယိုဘော်လန်းက ပြောကြားသည်။

စိုက်ပျိုးရေးလုပ်ငန်းသုံး လောင်စာဆီများအပေါ်တွင် အခွန်လျှော့ချခြင်းအပါအဝင် လယ်သမားများအတွက် အခြားကုစားနိုင်မည့်နည်းလမ်းများကို ပြင်သစ်ဝန်ကြီးချုပ် ဂေဗရီယယ်အတယ်ကဆောင်ရွက်ပေးခဲ့သော်လည်း ဆန္ဒပြမှုများပြီးဆုံးသွားခြင်းမရှိဘဲ နယ်သာလန်နှင့် ဂျာမနီနိုင်ငံများတွင်လည်း လယ်သမားများဆန္ဒပြခဲ့ကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-စိုးသူရ**

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# တရားမဝင် စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ဆိုင်ကယ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ



နေပြည်တော် ဇန်နဝါရီ ၃၀

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ရွာသာကြီး Dry Port ၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် မော်တော်ဆိုင်ကယ်တာယာအလုံး ၁၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၇၂၇၄၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၆၇၂၇၄၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇန်နဝါရီ ၂၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ ဘားအံမြို့မှ ပဲခူးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးနှင့် သထုံမြို့မှ ပဲခူးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း Doll Diamond Syrup အထုပ် ၄၀၀၊ ကြက်သားချောင်း ကီလို ဂရမ် ၇၅၀ အပါအဝင် ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇန်နဝါရီ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေး စခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် BERMAN သွားတိုက်တံ ကီလိုဂရမ် ၇၀၀၊ Innoplus High Density Polyethylene ကီလိုဂရမ် ၂၀၀၀ အပါအဝင် ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၇၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး၊ Faw Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၇၅၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဇန်နဝါရီ၂၅ ရက်၊ ၂၆ ရက်၊ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၄၂၂၇၄၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇန်နဝါရီ ၃၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

### အမှုဖွင့်လှစ်အရေးယူ

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇန်နဝါရီ၂၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှု လုပ်ဆောင်ခဲ့သည့် “Zwe Naung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်နေ ဇင်ဝင်းနောင်(ခ)ဇွဲနောင်အား ညနေ ၄ နာရီမိနစ် ၅၀ တွင်လည်းကောင်း၊ “Arkar Htet” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် နန်းတော်ရာ ရပ်ကွက်နေ သဒ္ဒါငြိမ်းမင်း(ခ) အာကာမင်းထက်အား ညနေ ၆ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၁-၁-၂၀၂၄ ဗုဒ္ဓဟူးနေ့

MRTV HD

၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တာသုတ်၊ရတနသုတ်၊ ခန္ဓပရိတ်၊အဋ္ဌာနာဋိယပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ မြန်မာ့ရေးဟောင်းပေ၊ပရပိုက်အကြောင်း သိမှတ်ဖွယ်ရာ
၀၉:၃၅ စိုက်ပျိုးမွေးမြူသုတဘဏ်
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ (၇၇)နှစ်မြောက်ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ် 'ဆံရစ်ဝိုင်းတို့ကွန်းခိုရာဌာနေ'
၁၁:၃၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
၁၁:၃၀ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်သူ့အနားကချစ်လိပ်ပြာ' (အပိုင်း-၁)
၁၃:၀၅ သီချင်းကြိုးပဒေသာ
၁၃:၃၀ MRTV National News
၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြည့်စုံခြင်းအိပ်မက်' (အပိုင်း-၁၉)
၁၅:၃၀ Weekly Soccer Preview
၁၆:၃၅ မျိုးဂုဏ်တင့်စေဆိုကရေးတီးအငွေ
၁၇:၀၅ ရွှေသို့ချီမည်ပန်းတိုင်ဆီ
၁၇:၂၀ Next Level
၁၇:၃၀ (၇၇)နှစ်မြောက်ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၀ ဟာသမြို့တော်(ရယ်စရာစင်တင်ဟာသ တစ်ခန်းရပ်) 'ဆန္ဒဝေရာ'
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်သူ့အနားကချစ်လိပ်ပြာ' (အပိုင်း-၃)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ (ကွက်စိပ်ပြိုင်ပွဲ) (ဝါသနာရှင်(ပထမတန်း) အဆင့်)(ဒုတိယဆု) 'တီလမုဋ္ဌိဇာတ်တော်' (ဦးကြင်နိုင်) (စစ်ကိုင်းတိုင်းဒေသကြီး)
၂၂:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြည့်စုံခြင်းအိပ်မက်' (အပိုင်း-၂၁)

mitv

07:01 Evergreen Classic: Myat Day Thanar (Pan Ei Phyu)
07:11 Skilful Marionette Performance of New Generation Artistes
07:27 Discovering Tribes "Rvwang" Their Life and Customs (Part-1)
07:54 International Zebra Day (31st January)
08:01 News
08:26 Listening Pleasure, Instrumental Music (Don Min) Pa Pa Win Win
08:36 Bago: A City Of Famous Historic Pagoda
09:01 Lines & Wash Painting
09:08 Ywar Thit's Monhinkhar
09:23 Life of A Farmer
09:49 Tigers, Lions and the Guardians
10:01 News

MRTV NRC

**ရခိုင် (၀၆:၀၀ မှ ၀၈:၀၀)**
မြန်မာပြည်တစ်လွှားလှျာထိအာထိရခိုင်ဟင်းလျာများ (အပိုင်း-၁)
**ရှမ်း (၀၈:၀၀ မှ ၁၀:၀၀)**
ပြောင်းပူးအုန်းနို့ကြော်ပြုလုပ်နည်း
**ဝ (၁၀:၀၀ မှ ၁၂:၀၀)**
အိပ်မက်လမ်းသို့ခရီးရှည်(ပဇယ်ကျေးရွာမှ ချီလာဝါဒီသို့)
**ကချင် (၁၂:၀၀ မှ ၁၄:၀၀)**
စားချင်စဖွယ်ကချင်ဆာဖြယ်
**ကယား (၁၄:၀၀ မှ ၁၆:၀၀)**
ကယားမျိုးနွယ်စုတို့ရဲ့ဝတ်စားဆင်ယင်မှု
**ပအိုဝ့်ကရင် (၁၆:၀၀ မှ ၁၇:၀၀)**
ပုစွန်ရှာစားခြင်း
**အနောက်ပိုးကရင် (၁၇:၀၀ မှ ၁၈:၀၀)**
ကရင်စကားပုံများအကြောင်း(အပိုင်း-၁)
**အရှေ့ပိုးကရင် (၁၈:၀၀ မှ ၁၉:၀၀)**
တွဲလက်ညီညီခရီးဆက်မည် NRC (အပိုင်း-၂)
**ချင်း (လိုင်ဇိုး) (၁၉:၀၀ မှ ၂၀:၀၀)**
ချင်းရိုးရာဝက်အူအစာသွပ်
**ချင်း (ချိုး) (၂၀:၀၀ မှ ၂၁:၀၀)**
တောင်ကျကျေးရွာ (အပိုင်း-၂)
**မွန် (၂၁:၀၀ မှ ၂၃:၀၀)**
အလှပြာဝေရာမည်မြေ (ဒေသအလှ၊ ဓလေ့ရိုးရာထုတ်ကုန်များ)

MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၄၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'တောင်းပန်ပါတယ်'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ ပြည်သူအားလုံးနှင့်သက်ဆိုင်သည့် အနာဂတ်ဒီမိုကရေစီ
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ)(အပိုင်း-၂)
၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၆)
၁၈:၀၀ Economic review (အပိုင်း-၃၃)

MRTV FARMERS' HTV Channel

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၁၅ အနာဂတ်၏ပွဲ့ပြိုးမြန်မာစိုက်မွေးပညာ သင်ယူပါလူငယ်ဘဝတစ်သက်တာ
၀၆:၄၀ အာဟာရကြွယ်ဝရောင်းပန်းလှကျန်းမာလှပ ဝင်ငွေရမြန်မာ့လိမ္မော်ရှောက်မျိုးများ၏အလှ
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
၁၈:၀၀ ချွန်စက် (ဇာတ်လမ်း)
၂၂:၀၀ New Year Blues (နိုင်ငံခြားဇာတ်လမ်း)

MRTV SPORTS HTV Sports

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၁၆:၄၅ Sports Diary
၁၆:၃၀ MNL 2022 Match (Replay)
၁၈:၀၀ အားကစားသတင်း
၁၉:၂၀ အောင်မြင်မှုမြင့်မားခဲ့သည့်မြန်မာ့ အားကစား

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm

# မုံရွာမြို့နယ် ထန်းပင်လှကျေးရွာနှင့် ပေါင်းတည်မြို့နယ် နတ်ရေတွင်းရွာတို့ကို တပ်မတော်က မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်တွင် မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၃၀

မုံရွာမြို့နယ် ထန်းပင်လှကျေးရွာကို ဇန်နဝါရီ ၃၀ ရက် နံနက် ၄ နာရီ မိနစ် ၄၀ ခန့်တွင် တပ်မတော်က ဝင်ရောက်ခဲ့ပြီး မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာ Khit Thit က မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရသည်။







ဖြစ်စဉ်အမှန်မှာ ယနေ့နံနက် ၄ နာရီ မိနစ် ၄၀ အချိန်ခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက မုံရွာမြို့နယ် သာစည်ကျေးရွာအုပ်စု ထန်းပင်လှကျေးရွာကို ဝင်ရောက်၍ နေအိမ်များအတွင်းရှိ ပစ္စည်းများ ဝင်ရောက်လုယက်ယူဆောင်၍ နေအိမ်အချို့အား မီးရှို့ခဲ့ခြင်းကြောင့် မီးလောင်ပျက်စီးမှုများ ရှိခဲ့ကြောင်းနှင့် ထန်းပင်လှကျေးရွာ အနီးဝန်းကျင်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ နယ်မြေလုံခြုံရေး တာဝန်ထမ်းဆောင်ခဲ့ခြင်း မရှိကြောင်း သက်ဆိုင်ရာ နယ်မြေလုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် နတ်ရေတွင်းရွာမှ နေအိမ်တွေကို တပ်မတော်က ဇန်နဝါရီ ၂၇ ရက်တွင် ဒုတိယအကြိမ် မီးရှို့ခဲ့ကြောင်း မဟုတ်မမှန်သတင်းများကို လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရသည်။

PDF အမည်ခံ အကြမ်းဖက်သမားများက ဇန်နဝါရီ ၂၄ ရက်တွင် ၎င်းကျေးရွာရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့ပြီး ဇန်နဝါရီ ၂၇ ရက်တွင်လည်း နတ်ရေတွင်းကျေးရွာသို့ ထပ်မံရောက်ရှိလာပြီး နေအိမ်ရှိ အဖိုးတန်ပစ္စည်းများ၊ စားစရာများကို ယူဆောင်၍ ဒုတိယအကြိမ် မီးရှို့ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပြီး အဆိုပါကျေးရွာ အနီးဝန်းကျင်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ နယ်မြေလုံခြုံရေး တာဝန်ထမ်းဆောင်ခဲ့ခြင်း မရှိကြောင်း သက်ဆိုင်ရာ နယ်မြေလုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

PDF အမည်ခံ အကြမ်းဖက်သမားများသည် မြို့၊ ရွာများရှိ လူနေအိမ် အဆောက်အအုံများကို အကာအကွယ်ပြု၍ ပစ်ခတ်တိုက်ခိုက်ခြင်းနှင့် လူနေအိမ်များ မီးရှို့ဖျက်ဆီးခြင်း အပါအဝင် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝကို အကြမ်းဖက်သည့် နည်းလမ်းများဖြင့် ဖျက်ဆီးလုပ်ဆောင်လျက်ရှိပြီး ၎င်းလုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် အထင်အမြင် လွဲမှားစေရန်အတွက် တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများကို လုပ်ကြံရေးသားကာ သွေးထိုးလှုံ့ဆော်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ကမ်မြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဌာနဆိုင်ရာအဆောက်အအုံများ ကွင်းဆင်းစစ်ဆေး

ကံမ ဇန်နဝါရီ ၃၀

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဌာနဆိုင်ရာရုံးအဆောက်အအုံများအား မီးဘေးလုံခြုံရေး စစ်ဆေးခြင်းကို ဇန်နဝါရီ ၂၉ ရက် ညနေ ၄ နာရီက ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၃) ဦးတင်အောင်ဝင်း၊ မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲညွန့်နှင့် တာဝန်ရှိသူများက မီးငြိမ်းသတ်ယာဉ်များအနေဖြင့် လူအသင့်၊ ယာဉ်/စက်အသင့်၊ ဆီအသင့်၊ ရေအသင့်ရှိနေစေရေး၊ ဌာနဆိုင်ရာရုံးအဆောက်အအုံများ၌ လျှပ်စစ်အသုံးပြုမှု လုံခြုံမှုရှိစေရေး၊ မီးသတ်ဆေးဘူးများအသင့်ထားရှိစေရေး၊ရေ၊ သဲနှင့်မီးဘေးလုံခြုံရေးပစ္စည်းများ ပြည့်စုံစွာထားရှိစေရေးတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)




# ကျောက်တံတားမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စစ်ဆေး

ကျောက်တံတား ဇန်နဝါရီ ၃၀

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေး တစ်အိမ်တက်ဆင်းစစ်ဆေးခြင်းကို ဇန်နဝါရီ ၃၀ ရက်က အမှတ်(၄)ရပ်ကွက်ရှိ အိမ်ခြေများတွင် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမင်းထက် ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များက ပြည်သူများအနေဖြင့် လျှပ်စစ်မီးနှင့် လောင်ကျွမ်းစေတတ်သည့်မီးများကို အသုံးပြုရာတွင် သတိပြုဆောင်ရွက်ကြရန်နှင့် မီးသတ်ဆေးဘူးများ စစ်ဆေးခြင်းနှင့် ကိုင်တွယ်အသုံးပြုပုံများကို အသိပညာပေးဆွေးနွေးကြသည်။ သဇင်(ပြန်/ဆက်)






# ကန်ကြီးထောင့်မြို့နယ်၌ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းတင်သည့် ကုန်တင်ယာဉ်များကို စစ်ဆေး၍ ငွေတောင်းနေကြောင်း မဟုတ်မမှန်သတင်းမှားများ ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၃၀

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်တွင် ဇန်နဝါရီ ၂၈ ရက်မှစ၍မြို့တွင်းသို့ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ အပါအဝင် အစားအသောက်၊ အဝတ်အထည်များ တင်ဆောင်သည့်ကုန်တင်ယာဉ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက တားဆီးစစ်ဆေးပြီး ကုန်တင်ယာဉ်တစ်စီးလျှင် ကျပ် ငါးသောင်းမှ ကျပ် ရှစ်သောင်းအထိ ငွေပေးမှသာ မြို့တွင်းသို့ ဝင်ခွင့်ပြုသည်ဟု မဟုတ်မမှန်သတင်းများကို လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ဒေသခံများ၏ သတင်းပေးပို့မှုနှင့် ဧရာဝတီတိုင်းဒေသကြီးမှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ကန်ကြီးထောင့်မြို့နယ်တွင် စစ်ဆေးရေးဂိတ်မရှိကြောင်း၊ မြို့ဝင်/ထွက်လမ်းဆုံများတွင် သက်ဆိုင်ရာတာဝန်ရှိသူများက လုံခြုံရေးဆိုင်ရာ ပူးပေါင်းစစ်ဆေးခြင်းများ ပုံမှန်ဆောင်ရွက်လျက်ရှိပြီး ထိုသို့စစ်ဆေးရာတွင်လည်း ငွေကြေးကောက်ခံမှုများမရှိကြောင်း၊ တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဂုဏ်သိက္ခာကျဆင်းစေရန် လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

○ မြန်မာ့လက်ရွေးစင်အသင်းမှ

ပဏ္ဍာမလူစာရင်းတွင် ထည့်သွင်းရွေးချယ်သွားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ပထမအကြိမ်လေ့ကျင့်ရာတွင် ပြည်တွင်းကလပ်များဖြစ်သည့် သစ္စာအားမာန်အသင်း၊ မြဝတီအသင်းတို့နှင့် ခြေစမ်းပွဲနှစ်ပွဲကစားခဲ့ပြီး နှစ်ပွဲစလုံး အနိုင်ရခဲ့သည်။ ယခုဒုတိယအကြိမ် လေ့ကျင့်ရာတွင် ပဏ္ဍာမကစားသမား ၃၀ ဝန်းကျင် ရွေးချယ်ထားသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဂျပန်၊ မြောက်ကိုရီးယား၊ ဆီးရီးယားအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး နှစ်ပွဲကစား နှစ်ပွဲရှုံးနိမ့်ကာ အမှတ်မရသေးပေ။ မြန်မာအသင်းသည် မတ်လတွင် ဆီးရီးယားအသင်းနှင့် အိမ်ကွင်း၊ အဝေးကွင်း ကစားရမည် ဖြစ်သည်။

ကိုညီလေး

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် အနောက်ပိုင်းရပ်ကွက်အတွင်းရှိ နေအိမ်များ၌ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများ တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေးခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကျော်ဝင်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပူးပေါင်းအဖွဲ့များက ဇန်နဝါရီ ၃၀ ရက် နံနက် ၉ နာရီတွင် ဆောင်ရွက်ခဲ့ကြစဉ်။

အောင်ဆွေ(ရွှေတံတား)



# ဒဂုံမြို့သစ်မြို့နယ်များနှင့် သာကေတမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဒုတိယမြို့တော်ဝန် ကြည့်ရှုစစ်ဆေး



ရန်ကုန် ဇန်နဝါရီ ၂၀

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ(ဒုတိယမြို့တော်ဝန်) ဦးညီညီသည် အတွင်းရေးမှူး ဦးညွန့်ဖေ၊ ကော်မတီဝင်များ၊ ဌာနမှူးများနှင့်အတူ ယနေ့ နံနက်ပိုင်းက ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၃)ရပ်ကွက် ရွှေဝါထွန်းလမ်းအား ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယမြို့တော်ဝန်က သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်နှင့် ရေစီးရေလာကောင်းမွန်ရေး တစ်ပါတည်း ဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယမြို့တော်ဝန်နှင့် အဖွဲ့သည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၁၆) ရပ်ကွက် ပြည်ထောင်စုလမ်း မြို့ဦးစေတီရှေ့ ဆရာစံလမ်းနှင့် မီးရထားသံလမ်းကြား ကွန်ကရစ်လမ်းသား တိုးချဲ့ခင်းကျင်းရန် စက်ယန္တရားများဖြင့် မြေသားပြုပြင်ဆောင်ရွက်နေမှု၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် သရက်ပင်ချောင်ကျေးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြေဧရိယာ ၁၈၇ ဒသမ ၃ ဧကကျယ်ဝန်းသည့် သရက်ပင်ချောင် နောက်ဆုံးစွန့်ပစ်အမှိုက်ပုံ (Final Disposal Site–FDS) တည်ဆောက်ရေး စီမံကိန်းဝင်းအတွင်း အမှိုက်ကန်တည်ဆောက်နေမှုနှင့် ပဲတီစိမ်းငါးကေနှင့် နွေစပါး (နှံကောက်) ခုနစ်ဧကစိုက်ပျိုးထားရှိမှု၊ သာကေတမြို့နယ် မြင်တော်သာလမ်းတွင် တည်ဆောက်လျက်ရှိသည့် ရေအရည်အသွေး စီမံခန့်ခွဲမှု ဗဟိုဓာတ်ခွဲခန်း အဆောက်အအုံ တည်ဆောက်ခြင်းစီမံကိန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သထုံမြို့နယ်၌ အထူးကုဆရာဝန်ကြီးများနှင့်အဖွဲ့ နယ်လှည့်ဆေးကုသမှုများ ဆောင်ရွက်



သထုံ ဇန်နဝါရီ ၂၀

မွန်ပြည်နယ် သထုံမြို့နယ်၌ ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ပြည်နယ်ကုသရေးဦးစီးဌာနနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းကာ ယနေ့ နံနက်ပိုင်းက သုဝဏ္ဏဝတီမြို့ရှိ သိမ်ဆိပ်တိုက်နယ်ဆေးရုံ၌ နယ်လှည့်ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်ခဲ့ကြသည်။

နယ်လှည့်ကုသရာတွင် သထုံခရိုင်ကုသရေးဦးစီးဌာနမှ ဒုတိယခရိုင်ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်ဝင်းဇော်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းဦးတို့ ဦးဆောင်သည့် အရိုး၊ သွား၊ သားဖွားမီးယပ်၊ ကလေးအထူးကုဆရာဝန်ကြီးများ၊ ခွဲစိတ်ဆရာဝန်ကြီးနှင့် အထွေထွေရောဂါကုသမားတော်ကြီးများ ပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့တို့က သုဝဏ္ဏဝတီမြို့နှင့် အနီးဝန်းကျင် ကျေးရွာများမှ ပြည်သူများအား ကျန်းမာရေးစစ်ဆေးခြင်း၊ ကုသခြင်းနှင့် လိုအပ်သည့်ဆေးဝါးများ ပေးအပ်ခြင်း၊ လိုအပ်သည့် ဆေးကုသမှုများလမ်းညွှန်ပေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါ ကွင်းဆင်းဆေးကုသရာတွင် အထွေထွေရောဂါ ၁၅၂ ဦး၊ ခွဲစိတ်လူနာ ခြောက်ဦး၊ အရိုးရောဂါ ၉၈ ဦး၊ သွားရောဂါ ၁၉ ဦး၊ ကလေး ၄၂ ဦးနှင့် သားဖွားမီးယပ်ရောဂါ ၁၅ ဦး စုစုပေါင်း ၃၃၂ ဦးတို့အား စစ်ဆေးကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**✻ ဆီနီဂေါအသင်းမှ**

ခံယူချိန်မှာ ငါးဂိုး–လေးဂိုးနဲ့ အိုင်ဗရီကို့စ်အသင်းက အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အာဖရိကနိုင်ငံများဖလားပြိုင်ပွဲရဲ့ အုပ်စုအဆင့်မှာ တတိယအကောင်းဆုံးအသင်းအနေနဲ့ (၁၆)သင်းအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တဲ့ အိုင်ဗရီကို့စ်အသင်းဟာ အာဖရိကနိုင်ငံများဖလားပြိုင်ပွဲရဲ့ လက်ရှိချန်ပီယံအသင်းဖြစ်တဲ့ ဆီနီဂေါအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ကွာတားဖိုင်နယ်အဆင့်မှာ မာလီအသင်း ဒါမှမဟုတ် ဘာကီနာ ဖာဆိုအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။

လက်ရှိအချိန်မှာ အာဖရိကနိုင်ငံများဖလားပြိုင်ပွဲရဲ့ ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တဲ့ အသင်းပေါင်း ခြောက်သင်းအထိ ထွက်ပေါ်ထားပြီး အဲဒီအသင်းတွေကတော့ အန်ဂိုလာအသင်း၊ နိုင်ဂျီးရီးယားအသင်း၊ ဂီနီယာအသင်း၊ ကွန်ဂိုအသင်း၊ ကိတ်ဗာဒီအသင်းနဲ့ အိုင်ဗရီကို့စ်အသင်းတို့ပဲ ဖြစ်ပါတယ်။

အာဖရိကနိုင်ငံများဖလားပြိုင်ပွဲရဲ့ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တွေကို ဖေဖော်ဝါရီ ၂ ရက်၊ ၃ ရက်နဲ့ ၄ ရက်တို့တွင်လည်းကောင်း၊ ဆီမီးဖိုင်နယ်အဆင့်ကို ဖေဖော်ဝါရီ ၇ ရက်နဲ့ ၈ ရက်တို့တွင်လည်းကောင်း ကျင်းပသွားမှာဖြစ်ပြီး နောက်ဆုံးဗိုလ်လုပွဲစဉ်ကို ဖေဖော်ဝါရီ ၁၂ ရက်မှာကျင်းပသွားမှာဖြစ်ပါတယ်။

**ငွေကြယ်**

**❖ ကျောဖုံးမှ**

ရောဝတီတိုင်းဒေသကြီးတွင် နေလှန်းဆားထုတ်လုပ်ရန်အတွက် အောက်တိုဘာလဝန်းကျင်မှစ၍ ဆားကွင်းအချို့စတင်ပြင်ဆင်ကြပြီး ဇန်နဝါရီလတွင် နေလှန်းဆားများ စတင်ထွက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

"ဆားရာသီက အောက်တိုဘာလပိုင်းကစလို့ ဆားကွင်းစတင်ပြင်ဆင်ကြပြီး ဇန်နဝါရီလအတွင်း ဆားအနည်းငယ်စတင်ထွက်တာက မေလကုန်အထိပါ။ ပြီးခဲ့တဲ့ ၂၀၂၂–၂၀၂၃ ဆားရာသီက တစ်သိန်းလေးသောင်း နှစ်ထောင်မက်ထရစ်တန်ထွက်ရှိခဲ့တယ်။ ဒီနှစ်မှာ ပိုပြီးမျှော်လင့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အယ်လ်နီညိုဆိုတော့ ဆားနဲ့က မိတ်ဖက်ပေ့ါ။ ပိုရနိုင်တယ်လို့မျှော်မှန်းပါတယ်။ မိုးက ကြားပေါက်ကြားပေါက်ရွာရင်တော့ မကောင်းဘူး" ဟု ရောဝတီတိုင်းဒေသကြီး ဆားထုတ်လုပ်မှုလုပ်ငန်းမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

**ထွက်ရှိခဲ့**

ရောဝတီတိုင်းဒေသကြီးတွင် ၂၀၂၁–၂၀၂၂ ဆားရာသီက မိုးရွာသွန်းမှုများရှိခဲ့သော်လည်း နေလှန်းဆား မက်ထရစ်တန် တစ်သိန်းတစ်ထောင်ကျော်ထွက်ရှိခဲ့ပြီး ၂၀၂၂–၂၀၂၃ ဆားရာသီတွင် ရာသီဥတု ကောင်းမွန်မှုကြောင့် နေလှန်းဆား တစ်သိန်းလေးသောင်း နှစ်ထောင်မက်ထရစ်တန်အထိ ထွက်ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းအပြင်ဧရာဝတီတိုင်းဒေသကြီးတွင် ပြီးခဲ့သည့်ရက်ပိုင်းက မိုးရွာသော်လည်း ဆားကွင်းအချို့မှာ ပြင်ဆင်နေသည့်အချိန်သာ ဖြစ်နေသေးကာ ဆားလှမ်းထားသူများအနေဖြင့်လည်း မိုးလေဝသသတင်းများကို စောင့်ကြည့်၍ အချိန်မီကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ထားသည့်အတွက် ထိခိုက်ပျက်စီးမှု နည်းပါးကြောင်းလည်း သိရသည်။

"မိုးရွာပေမယ့် ထိခိုက်ပျက်စီးမှာက အများကြီးတော့မရှိပါဘူး။ ဆားကွင်းအချို့က အခုမှပြင်ဆင်နေတဲ့ အချိန်ရှိတယ်။ ပြီးတော့ မိုးလေဝသသတင်းတွေစောင့်ကြည့်ကြတယ်။ ဆားလှန်းထားတဲ့သူတွေကလည်း ကြိုတင်ပြင်ဆင်ကြတော့ ပျက်စီးမှုက သိပ်မရှိဘူး"ဟု အဆိုပါတာဝန်ရှိသူက ပြောသည်။

ဧရာဝတီတိုင်းဒေသကြီးမှ နေလှန်းဆားများကို ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအထိ တင်ပို့နေပြီး မိုးရွာသွန်းမှုကြောင့် ပြီးခဲ့သည့်အပတ်တွင် ဆားချောတစ်ပိဿာလျှင် ငွေကျပ် ၂၃၀ မှ ငွေကျပ် ၂၈၀ သို့ ဈေးအနည်းငယ် တက်သွားကြောင်း သိရသည်။

**MT**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၁-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၀၅ | ၂၇၅၀ | ၂၇၄၅ | ၂၇၁၀ | ၂၇၅၀ | ၂၇၇၅ | ၂၇၆၀ | ၂၇၃၅ | ၂၈၃၅ | ၂၈၅၀ | ၂၇၄၅ | ၂၇၅၀ | ၂၇၉၀ | ၂၇၉၀ | ၂၇၉၀ | ၃၀၂၀ | ၃၁၅၀ |
| 95 Ron | ၂၈၄၅ | ၂၈၉၅ | ၂၈၉၅ | ၂၈၅၅ | ၂၈၉၅ | ၂၉၁၅ | ၂၉၀၀ | ၂၈၈၀ | ၂၉၈၀ | ၂၉၉၅ | ၂၈၈၅ | ၂၉၀၅ | ၂၉၃၀ | ၂၉၃၀ | ၂၉၃၅ | ၃၁၆၅ | ၃၂၅၀ |
| HSD (500 ppm) | ၂၄၅၀ | ၂၅၀၀ | ၂၄၉၅ | ၂၄၆၀ | ၂၅၀၀ | ၂၅၂၀ | ၂၅၁၅ | ၂၄၈၅ | ၂၆၀၅ | ၂၆၀၀ | ၂၄၉၀ | ၂၅၀၀ | ၂၅၃၅ | ၂၅၃၅ | ၂၅၄၀ | ၂၇၇၀ | ၃၅၄၀ |
| HSD (50 ppm) | ၂၅၁၅ | ၂၅၆၅ | ၂၅၆၀ | ၂၅၂၅ | ၂၅၆၅ | ၂၅၈၅ | ၂၅၈၀ | ၂၅၅၀ | ၂၆၇၀ | ၂၆၆၅ | ၂၅၅၅ | ၂၅၇၀ | ၂၆၀၀ | ၂၆၀၀ | ၂၆၀၅ | ၂၈၃၅ | ၃၅၉၅ |
| HSD (10 ppm) | ၂၅၃၀ | ၂၅၈၀ | ၂၅၈၀ | ၂၅၄၀ | ၂၅၈၀ | ၂၆၀၅ | ၂၆၀၀ | ၂၅၆၅ | ၂၆၈၅ | ၂၆၈၀ | ၂၅၇၀ | ၂၅၈၅ | ၂၆၁၅ | ၂၆၂၀ | ၂၆၂၀ | ၂၈၅၀ | ၃၅၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၇၉ | ၂၆၆၄ |
| 95 Ron | ၂၇၁၈ | ၂၈၀၅ |
| HSD (500 ppm) | ၂၃၃၄ | ၂၄၁၀ |
| HSD (50 ppm) | ၂၃၉၈ | ၂၄၇၅ |
| HSD (10 ppm) | ၂၄၁၃ | ၂၄၉၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# နတ်တလင်းမြို့နယ်အတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးလျက်ရှိသည့် ယောက်ျားကြီး ငါး ငါးပိထုတ်လုပ်ဖြန့်ချိရေးလုပ်ငန်း

**တွေ့ဆုံမေးမြန်း - ထားထားဦး(ပြန်/ဆက်)၊ ဓာတ်ပုံ - ဝေယံဖြိုး(ပြန်/ဆက်)**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့စီးပွားမြင့်တင်နိုင်ရန်အတွက် စီးပွားရေးလုပ်ငန်းများထဲမှ အဓိကကျပြီး အချိန်တိုအတွင်း ထိထိရောက်ရောက်အကျိုးဖြစ်ထွန်းနိုင်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား MSME လုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနေသည့် ယောက်ျားကြီးအမှတ်တံဆိပ် ငါး ငါးပိထုတ်လုပ်ဖြန့်ချိရေးလုပ်ငန်းပိုင်ရှင် ဦးကျော်လင်းနှင့် တွေ့ဆုံမေးမြန်းထားမှုကို တင်ပြလိုက်ပါသည်-

**မေး။** ။ ယောက်ျားကြီး ငါး ငါးပိလုပ်ငန်း စတင်တည်ထောင်ဖြစ်ပုံကိုရှင်းပြပေးပါ။

**ဖြေ။** ။ ယောက်ျားကြီး ငါး ငါးပိကတော့ မိဘ၊ ဘိုးဘွားအစဉ်အဆက် နှစ်ပေါင်း ၅၀ ကျော်လောက်ကတည်းက စတင်ပေါ်ပေါက်ခဲ့တဲ့ လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ မိဘတွေလက်ထက်တုန်းက ကိုယ်တိုင်စပ်ပြီးတော့ ပေါင်းတည်ဈေးထဲမှာ ကိုယ်တိုင်စတင်ရောင်းချခဲ့ပါတယ်။ ဝယ်ယူစားသုံးတဲ့သူတွေကယောက်ျားကြီးတစ်ယောက်ထိုင်ရောင်းတဲ့ ငါးပိက စားလို့လည်းကောင်းတယ်၊ ဝယ်စားရတာ အဆင်ပြေတယ်ဆိုပြီး ဝယ်ယူစားသုံးသူများလာတော့ နာမည်ကို ယောက်ျားကြီး ငါး ငါးပိလို့ပဲ နာမည်ပေးခဲ့ကာ အခုအချိန်အထိ အဲဒီနာမည်ကို ဆက်လက်အသုံးပြု ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါတယ်။

**မေး။** ။ လက်ရှိဈေးကွက်မှာ ဝယ်ယူရရှိနိုင်အောင် ထုတ်လုပ်ထားတဲ့ ငါး ငါးပိအမျိုးအစားကိုသိပါရစေ။

**ဖြေ။** ။ ကျွန်တော်တို့ဆီမှာတော့ ငါးစင်ရိုင်းပါတဲ့ သုံးမျိုးစပ်ငါး ငါးပိနဲ့ ငါးကြီးငါးပိလို့ခေါ်တဲ့ ငါးရံ့ငါးပိကိုအဓိကထားပြီး ရောင်းချပါတယ်။ သုံးမျိုးစပ်ငါးမှာဆိုရင် လေး၊ ငါးမျိုးလောက်ခွဲထားပြီး ၂၅ ကျပ်သား၊ ၅၀ ကျပ်သား၊ ၇၅ ကျပ်သား၊ တစ်ပိဿာနဲ့ ပိဿာ ၅၀ လောက်ထိအောင် တခြားနေရာတွေကို သယ်ယူပို့ဆောင်ရလွယ်ကူအောင် ဘူးတွေကို ပါကင်ပိတ်ပြီး ထုပ်ပိုးမှုစနစ်ကောင်းကောင်းနဲ့ လေလုံမိုးလုံဖြစ်အောင် ဖြန့်ဖြူးရောင်းချပေးနေပါတယ်။ အနီးအနားပတ်ဝန်းကျင်ကလာဝယ်မယ်ဆိုရင်လည်း အလေးချိန်နဲ့ ရောင်းချပေးပါတယ်။

**မေး။** ။ လက်ရှိ ဈေးကွက်အတွင်း ရောင်းချပေးရာမှာ ငါး ငါးပိအမျိုးအစားအလိုက် ဈေးနှုန်းလေးတွေကို သိပါရစေ။

**ဖြေ။** ။ ကျွန်တော်တို့ ယောက်ျားကြီး ငါး ငါးပိအမျိုးအစားအလိုက် ဈေးနှုန်းကတော့ ၂၅ ကျပ်သားဘူးကို ငွေကျပ် ၂၀၀၀၊ ၅၀ ကျပ်သားဘူးကို ငွေကျပ် ၃၅၀၀၊ ၇၅ ကျပ်သားဘူးကို ငွေကျပ် ၄၅၀၀၊ တစ်ပိဿာဘူးကတော့ ငွေကျပ် ၅၅၀၀ နှုန်းနဲ့ ရောင်းချပေးပါတယ်။ ငါးပိသာနဲ့အထက် ဝယ်ယူမယ်ဆိုရင်တော့ တစ်ပိဿာကို ငွေကျပ် ၃၈၀၀ နှုန်းနဲ့ရောင်းချပေးနေပါတယ်။

**မေး။** ။ ဘယ်လို ကုန်ကြမ်းပစ္စည်းတွေကို အသုံးပြုတာလဲဆိုတာ ဝယ်ယူစားသုံးသူတွေ သိရှိစေဖို့ မျှဝေပေးစေချင်ပါတယ်။

**ဖြေ။** ။ ကျွန်တော်တို့ ငါး ငါးပိကို အဓိကထား စလုပ်တာကတော့ ငါးအမျိုးအစား လေးမျိုး၊ ငါးမျိုးလောက်ပါဝင်ပါတယ်။ အဓိကကတော့ ငါးပြား၊ ငါးနက်၊ ငါးစင်ရိုင်း၊ ငါးဖျင်းသလက် ဒီလေးမျိုးကတော့ အဓိကထားပြီး ထုတ်လုပ်ပါတယ်။ ငါးကြီးငါးပိလို့ခေါ်တဲ့ ငါးရံ့ငါးပိကို သီးသန့်ထုတ်လုပ်ပြီးတော့ ရောင်းချပါတယ်။

**မေး။** ။ ငါး ငါးပိ ဖြန့်ဖြူးရောင်းချမှုအခြေအနေနဲ့ ဘယ်လိုနေရာတွေမှာ တင်ပို့ရောင်းချနေသလဲ ဆိုင်ခွဲဘယ်နှဆိုင် ဖွင့်လှစ်ထားရှိပါသလဲနဲ့ ဆိုင်လိပ်စာလေးတွေကိုလည်း သိပါရစေ။

**ဖြေ။** ။ ကျွန်တော်တို့ ပင်မဆိုင်ကို နတ်တလင်းမြို့ ရွာမရပ်ကွက် မေတ္တာလမ်းမှာရှိပြီး ပင်မဆိုင်မှာလည်း ရောင်းတယ်၊ ရန်ကုန် - ပြည်လမ်းမှာ ဖွင့်ထားတဲ့ဆိုင်မှာလည်း ရောင်းချပါတယ်။ Online ကတစ်ဆင့် ရောင်းချပြီး တစ်နိုင်ငံလုံးကို အိမ်အရောက် ပို့ဆောင်ပေးတာတွေရှိသလို ကားဂိတ်တွေကနေလည်း ပို့ဆောင်ပေးတာတွေရှိပါတယ်။ ရန်ကုန်မှာဆိုရင်လည်း မြောက်ဥက္ကလာ ဆိုင်ခွဲကနေပြီးတော့ စတင်ဖြန့်ဖြူးရောင်းချပေးပြီး ပင်ရင်းဆိုင်တွေကတော့ ပေါင်းတည်၊ နတ်တလင်း၊ ရန်ကုန်၊ နေပြည်တော်တို့မှာရှိပြီး တခြားကိုယ်စားလှယ်ခွဲ ဆိုင်တွေကတော့ တစ်နိုင်ငံလုံးနီးပါး ဖြန့်ဖြူးထားတာတွေ ရှိပါတယ်။

**မေး။** ။ ငါးငါးပိလုပ်ငန်း လည်ပတ်မှုအတွက် ဝန်ထမ်းဦးရေ ဘယ်လောက်ရှိပါသလဲ သိပါရစေ။

**ဖြေ။** ။ ငါးငါးပိလုပ်ငန်း လည်ပတ်မှုနဲ့ပတ်သက်ပြီးတော့ အဓိကလှုပ်ရှားနေတဲ့ ဝန်ထမ်းတွေအနေနဲ့ ကျွန်တော်တို့ ပင်မဆိုင်မှာ ဝန်ထမ်း ၂၈ ဦး ရှိပါတယ်။

**မေး။** ။ နိုင်ငံတော်က အခုလို MSME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရာမှာ ယောက်ျားကြီး ငါး ငါးပိလုပ်ငန်းအနေနဲ့ သက်ဆိုင်ရာ ဌာနဆိုင်ရာတွေနဲ့ ပေါင်းစပ် ဆောင်ရွက်နေမှုကိုလည်း သိပါရစေ။

**ဖြေ။** ။ ကျွန်တော်တို့ ယောက်ျားကြီး ငါး ငါးပိလုပ်ငန်းဆိုရင် အသေးစား၊ အငယ်စားနှင့် အလတ်စား MSME လုပ်ငန်းမှာ မှတ်ပုံတင်ထားရှိပြီး နိုင်ငံတော်က MSME ချေးငွေထုတ်ချေးပေးတဲ့အတွက် လုပ်ငန်းတွေကိုလည်း တိုးချဲ့လုပ်ကိုင်နိုင်ခဲ့ပါတယ်။ ယောက်ျားကြီး ငါး ငါးပိစားသုံးကုန်တွေကိုလည်း တိုင်းဒေသကြီးအဆင့် ကုန်စည်ပြပွဲတွေမှာ ဌာနဆိုင်ရာတွေနဲ့ ပူးပေါင်းပြီးတော့ ခင်းကျင်းပြသပေးနိုင်ခဲ့ပါတယ်။ ။

> **“ယောက်ျားကြီး ငါး ငါးပိကတော့ မိဘ၊ ဘိုးဘွားအစဉ်အဆက် နှစ်ပေါင်း ၅၀ ကျော်လောက် ကတည်းက စတင်ပေါ်ပေါက်ခဲ့တဲ့ လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ မိဘတွေလက်ထက်တုန်းက ကိုယ်တိုင်စပ်ပြီးတော့ ပေါင်းတည်ဈေးထဲမှာ ကိုယ်တိုင် စတင်ရောင်းချခဲ့ပါတယ်။ နာမည်ကို ယောက်ျားကြီး ငါး ငါးပိလို့ပဲ နာမည်ပေးခဲ့”**











ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

၂၉-၁-၂၀၂၄ ရက်မှအဆက်

အံ့အားသင့်ခြင်းကိုယ်စီဖြင့် ထင်မြင်ချက်အမျိုးမျိုးပေးနေကြသည့် ကိုအေးဆွေတို့ကို ရဲတပ်သားတစ်ယောက်က လာရောက်ခေါ်ဆောင်လိုက်ခြင်းဖြင့် ဖျက်ဆီးပစ်လိုက်လေသည်။

[ ၄၈ ]

"လာ လာ၊ ကိုအေးဆွေ။ ဒီမှာထိုင်ဗျို့"

စခန်းမှူး (ဌာနာပိုင်) ဖြစ်သူက ကိုအေးဆွေကို သူ့စားပွဲရှေ့ရှိ မျက်နှာချင်းဆိုင်ကုလားထိုင်တွင် ထိုင်ရန် ပျူငှာစွာဖိတ်ခေါ်လိုက်သည်။ ထွေးရီနှင့် မအုန်းတင်တို့အားလည်း အခြားသင့်ရာတွင် နေရာချထားလိုက်သည်။

ကိုအေးဆွေသည် ရုံးခန်းထဲရှိ ပတ်ဝန်းကျင်အခြေအနေကို လျင်မြန်စွာ အကဲခတ်လိုက်ရင်း ညွှန်ပြသော ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ လှကြည် စသော ဒုလုံခြုံရေးမှူးများနှင့် ရဲစာရေး၊ ရဲတပ်ကြပ်များကို ၎င်းတို့နေရာများတွင် တွေ့ရ၏။ ခင်သန်းဌေးအားလည်း မိမိနှင့်ယှဉ်လျက် ကုလားထိုင်တွင် ထိုင်လျက်နေသည်ကို အခန်းထဲဝင်လာကတည်းက သတိပြုမိ၏။

ကိုအေးဆွေ ထိုင်ချလိုက်သောအခါ ခင်သန်းဌေးက ကိုအေးဆွေကို အမှတ်မထင် စောင်းငဲ့၍ကြည့်လိုက်၏။ ဤသည်ကို ကိုအေးဆွေက ခက်ထန်မာကျောစွာ ပြန်လည်၍ စူးဝါးစွာကြည့်လိုက်၏။ ဤအကြည့်ကြောင့် ခင်သန်းဌေးသည် ချက်ချင်းလိုပင် မျက်လွှာချပစ်လိုက်ပြီး ပြန်လှည့်သွား၏။

ယုံကြည်ချက်ချင်း တူနေပါပြီ၊ ခံယူချက်ချင်း ရှိနေပါပြီဟု တဖွဖွပြောဆိုနေပါလျက် ဤမည်သော ခံယူချက် သစ္စာတရားကို ဖောက်ဖျက်စွန့်ပယ်ကာ ဂုဏ်ပကာသနနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားခဲ့သော အထက်လွှာမှကျောင်းဆရာမကြီးက မိမိမွေးသမိခင်ကြီးတစ်ယောက်လုံး အသက်ပါ ဆုံးရှုံးရသည်ကိုပင် အားရမကျေနပ်နိုင်သေးဘဲ ယခုတစ်ဖန် နောက်ထပ်၍ မည်သို့သောဒုက္ခများ ပေးရန် လာရောက်လေသနည်း။

ဤမည်သော နာကြည်းမှု အတွေးစိတ်ဖြင့် အသည်းခိုက်မျှ ရင်နာနေရသူ ကိုအေးဆွေမှာ ယခင်က ခင်သန်းဌေး၏မျက်နှာလေးကို မြင်ရလေတိုင်း ဘဝင်ကျ၍ အေးမြကြည်နူးသွားပါသည်ဟု ဆိုခဲ့ငြားသော်လည်း ယခုတော့မူ တောက်လောင်ညီးသော မီးကျီးခဲရဲရဲကို အနီးကပ်ကြည့်ရသလို ပူပြင်းလှသည်။ အသည်းနှလုံးများကို မီးဖြင့်အမြိုက်ခံရသလို ရင်ပွင့်သွားခမန်းလည်း ပူလောင်လှသည်။

ထို့ကြောင့်လည်း ကိုအေးဆွေမှာ နေထိသော ပန်းကလေးလို ညှိုးနွမ်း၍ စိတ်ထိခိုက်နေသော ခင်သန်းဌေး၏ မရွှင်မကြည်မျက်နှာလေးကို မြင်နေရသော်ငြားလည်း ယခုတော့ ကရုဏာအဖြစ် မြင်မလာတော့ချေ။




"ကဲ ကိုအေးဆွေ၊ အခြေအနေကတော့ တစ်မျိုးဖြစ်ကုန်ပြီ"

စခန်းမှူးက သူ့စကားကို စလိုက်သည်။ ပြီးလျှင် သူသည် ခင်သန်းဌေးဘက်သို့ စောင်းငဲ့ကြည့်လိုက်သည်။ ပြီးမှ ကိုအေးဆွေဘက်သို့ တစ်ဖန်ပြန်လှည့်၍ကြည့်လိုက်ကာ သူ့စကားကို ဆက်ဆိုလေသည်။

"ဟောဒီက ဆရာမ ဒေါ်ခင်သန်းဌေးက အကြောင်းစုံ လာရောက်ရှင်းပြပါတယ်။ သူနဲ့ ကိုအေးဆွေဟာ ဘာမှမပတ်သက်ပါဘူး။ ကိုအေးဆွေ ခြိမ်းခြောက်ခေါ်ယူသွားခြင်းလည်း မဟုတ်ပါဘူး။ မိဘများ ပေးစားမယ့်လူနဲ့ မယူနိုင်တဲ့အတွက် ကိုယ့်သဘောအလျောက် ဈေးကုန်းရွာကို ရှောင်တခင် ထွက်သွားတာပါတဲ့။ အဲဒါ နောက်ပိုင်းက ဒီလို သတင်းတွေကြားတာနဲ့ အားလုံးခွကျကုန်ချည်ရဲ့ ဆိုပြီး အခုလို လာရောက်ရှင်းပြတာပါတဲ့။ သူသွားနေတဲ့အိမ်က အိမ်ရှင်အဒေါ်ကိုတောင် သက်သေအဖြစ် ခေါ်လာပြီးပြပါတယ်"

စခန်းမှူးသည် သူ့စကားကို ဖြတ်လိုက်ကာ ကိုအေးဆွေတို့အား အကဲခတ်လျက်ရှိလေသည်။

ကိုအေးဆွေမှာ အလွန် စိတ်လှုပ်ရှားလျက်နေ၏။ ရင်ထဲမှာလည်း ဖိုလျက်ရှိနေကာ အသက်ကိုပင် ပြင်းပြင်းမရှူနိုင်။ အဘယ်ကြောင့်ဆိုသော် တစ်ချိန်ကမူ ကိုအေးဆွေသည် ခင်သန်းဌေးအား တစ်ဖက်သတ် အထင်မှားလျက်နေ၏။ သို့သော် ယခုလို နဖူးတွေ့ဒူးတွေ့ မျက်နှာချင်းဆိုင် တွေ့လိုက်ရသောအခါတွင်ကား အထင်နှင့်အမြင် တစ်မျိုးစီဖြစ်နေသော အခြေအနေကို တွေ့ကြုံလာရသောကြောင့်ပါတည်း။

"ဒီတော့ ဦးမြမောင်၊ ဒေါ်လှတင်တို့က သူ့သမီးကို ကားနဲ့ အတင်းဆွဲခေါ်သွားပါတယ်လို့ တိုင်ကြားပေမဲ့ အဆွဲခံရတဲ့ကာယကံရှင်ကိုယ်တိုင်က မဟုတ်ပါဘူးဆိုတော့၊ နောက်ပြီး အမှုကိုအထောက်အကူပြုတဲ့ တခြားသက်သေခံအထောက်အထားကလည်း ဘူတာလမ်းဆုံ လမ်းထောင့်က မြင်လိုက်ပါတယ်ဆိုတဲ့ မိန်းမကြီးအပြင် တခြား မပြနိုင်ပါဘူး။

"ကဲ ကိုအေးဆွေ၊ အခြေအနေကတော့ တစ်မျိုးဖြစ်ကုန်ပြီ"
စခန်းမှူးက သူ့စကားကိုစလိုက်သည်။
ပြီးလျှင် သူသည် ခင်သန်းဌေးဘက်သို့ စောင်းငဲ့ကြည့်လိုက်သည်။
ပြီးမှ ကိုအေးဆွေဘက်သို့ တစ်ဖန်ပြန်လှည့်၍ကြည့်လိုက်ကာ သူ့စကားကိုဆက်ဆိုလေသည်။
"ဟောဒီက ဆရာမဒေါ်ခင်သန်းဌေးက အကြောင်းစုံလာရောက်ရှင်းပြပါတယ်။
သူနဲ့ ကိုအေးဆွေဟာ ဘာမှမပတ်သက်ပါဘူး။
ကိုအေးဆွေ ခြိမ်းခြောက်ခေါ်ယူသွားခြင်းလည်း မဟုတ်ပါဘူး။
မိဘများပေးစားမယ့်လူနဲ့ မယူနိုင်တဲ့အတွက် ကိုယ့်သဘောအလျောက်
ဈေးကုန်းရွာကို ရှောင်တခင်ထွက်သွားတာပါတဲ့။"

"ဒါကိုလည်း ဆရာမ ဒေါ်ခင်သန်းဌေးက ရှင်းပြပါတယ်။ အဲဒီနေ့က ဘူတာလမ်းဘက်က ထွက်အလာ ကောလိပ်တုန်းက သူ့သူငယ်ချင်းအရာရှိ ဇနီးမောင်နှံနဲ့ သွားတွေ့တယ်ဆိုတယ်။ ရေနံချောင်းက မိတ္ထီလာအသွား ဆရာမမြင်တော့ ရပ်ပြီး နှုတ်ဆက်တယ်။ နောက် ဆရာမကို အိမ်အထိလိုက်ပို့မယ်ဆိုပြီး သူတို့ကခေါ်တယ်။ ဒါကို ဆရာမက ငြင်းတယ်။ အဲဒါကို အရာရှိဇနီး သူ့သူငယ်ချင်းက အတင်းလက်ဆွဲပြီး ကားပေါ်ခေါ်တင်တော့ မငြင်းသာဘဲ ကားပေါ်တက်လိုက်ရတယ်လို့ ဆိုတယ်။

"အဲ အဲ၊ ကားပေါ်လည်းရောက်ရော ဆရာမ ဒေါ်ခင်သန်းဌေးဟာ ရုတ်တရက် စိတ်ကူးပေါက်လာပြီး အိမ်ကိုလိုက်ပို့မခိုင်းတော့ဘဲ ကြက်မောက်တောင်ဆည်ကို သွားစရာကိစ္စရှိတယ်ဆိုပြီး တန်းလိုက်သွားသတဲ့။ ဆည်လုပ်ရာလည်း ရောက်ရော ဆင်းနေပြီး ညောင်တိုဈေးကုန်းရွာဘက်ကို ဆင်းသွားသတဲ့"

စခန်းမှူး ရှင်းပြသွားသည်ကို ကိုအေးဆွေက အံ့သြခြင်း၊ စိတ်လှုပ်ရှားခြင်းဖြင့် အာရုံစိုက်နေမိသလို ရုံးခန်းရှိ ထွေးရီ၊ မအုန်းတင်နှင့် အခြားသူများမှာလည်း အထူးပင် စိတ်ဝင်စားနေကြသည်။

ခင်သန်းဌေးသည် ဟုတ်မှန်ကြောင်း ထောက်ခံသည့်အမူအရာဖြင့် ငြိမ်သက်စွာ နားထောင်နေသည်။ သို့သော် စခန်းမှူး၏စကားအပြတ်တွင် သူ့အကြောင်းနှင့်ပတ်သက်၍ ဟာကွက်ကို ထပ်ဖြည့်ပြောလာပြန်သည်။

"ဟုတ်ပါတယ်။ အမှန်တော့လည်း အဲဒီလို အဲဒီနေ့က ရှောင်တခင်ထွက်မသွားဖြစ်ဦးတော့၊ နောက်တစ်နေ့မှာထွက်သွားဖို့ ကျွန်မဟာ စီစဉ်ပြီးသားပါ။ ဘူတာပိုင်း သူငယ်ချင်းရဲ့ ဆွေမျိုးများရှိရာ ညောင်တိုဈေးကုန်းကို သွားရောက်ရှောင်တိမ်းနေဖို့ သူငယ်ချင်းရဲ့အကူအညီနဲ့ အားလုံးစီစဉ်ပြီး ပြန်လာခဲ့တာပါ။ အဲဒါ အဆင်သင့်ချင်တော့ မမျှော်လင့်ဘဲ အခန့်သင့်တွေ့လိုက်တာနဲ့ တန်းလိုက်သွားတာပါ။ အဲဒါ အဝတ်အစားကလည်း အဆင်သင့်ပါမသွားတာနဲ့ မနေ့က ဘူတာပိုင်း သူငယ်ချင်းဆီကို အဝတ်အစားအယူလွှတ်လိုက်တာနဲ့ အခုလို ကိုအေးဆွေတို့အကြောင်းသိပြီး ဒီကို လာရှင်းပြတာပါ"

အမှုကိစ္စမှာ ပြေလည်တန်သလောက် ပြေလည်သွားပေပြီ။ သို့သော် ကိုအေးဆွေ၏ ထိုနေ့က လှုပ်ရှားသွားလာမှုကား မပြေလည်သေးချေ။ ရဲဘက်အနေဖြင့် ဆက်လက်ကိုင်တွယ်ဖြေရှင်းယူရပေဦးမည်။

ထို့ကြောင့်လည်း စခန်းမှူးက ကိုအေးဆွေအား ဆက်လက်၍ မေးမြန်း စစ်ကြောလာပြန်သည်။

"ကိုအေးဆွေရဲ့ ဟိုနေ့က လှုပ်ရှားသွားလာမှု အခြေအနေနဲ့ ပတ်သက်လို့ သတင်းအရ ချောက်မြို့ထိအောင် လိုက်လံစုံစမ်းခိုင်းလိုက်တာလည်း ခုပဲ ပြန်ရောက်လာပါတယ်။ အဲဒီနေ့က ကိုအေးဆွေဟာ မိုးလင်းက မိုးချုပ်ထိ သူတို့နဲ့ တစ်ချိန်လုံးရှိကြောင်း ကားမောင်းတဲ့ ဒရိုင်ဘာက ပြောပြလိုက်ပါတယ်။ အဲဒါဟုတ်သလား ကိုအေးဆွေ"

စခန်းမှူးက ကိုအေးဆွေအား မေးလိုက်သည်။

သည်တော့မှလည်း ကိုအေးဆွေက သူ့အကြောင်းကို ရှင်းလင်းပြလိုက်သည်။

ထိုနေ့က ဘူတာလမ်းဆုံသို့ ကိုအေးဆွေနှင့် အပေါင်းပါတစ်စု အဖြူရောင် ဂျစ်ကားလေးဖြင့် ရောက်လာပြီး ကွမ်းယာ၊ စီးကရက် ဝယ်သည်။ ချောက်၊ ရေနံချောင်းဘက်သို့ သွားသည်ဆိုသည်တို့မှာ အမှန်ပင်ဖြစ်လေသည်။

ယင်းသို့ သွားရောက်သည်ကလည်း ကိုလွန်းနိုင်နှင့် ကိုကျော်ဇင်တို့ကို ချောက်မြို့ထိလိုက်ပို့ရင်း ရောက်သွားခြင်းဖြစ်၏။ လွန်ခဲ့သော လေးငါးနှစ်လောက်က ရန်ကုန်တွင်နေခဲ့စဉ် အသိမိတ်ဆွေဖြစ်ခဲ့ဖူးသော ပုသိမ်နယ်မှ ကိုလွန်းနိုင်နှင့် ကိုကျော်ဇင်တို့သည် ကိုအေးဆွေ တိုက်တွန်းသည့်အတိုင်း သူတို့နယ်သို့ပြန်ကာ ငါးနှင့် ကြက်၊ ဘဲ၊ ဝက်များကို စုပေါင်းကာ စနစ်တကျ သိပ္ပံနည်းများဖြင့် အကြီးအကျယ်မွေးမြူကြသည်။

ယခု သူတို့သည် ချောက်မြို့ရှိ မိတ်ဆွေတစ်ဦးထံသို့ ကိစ္စတစ်ခုဖြင့်လာရင်း ၎င်းမိတ်ဆွေ၏ အဖြူရောင် ဂျစ်ကားလေးဖြင့် ကိုအေးဆွေထံသို့ ရောက်လာကြခြင်းဖြစ်သည်။ သူတို့သည် အောင်မြင်နေသော ကိုအေးဆွေတို့၏ စုပေါင်းထန်းလုပ်ငန်းကိုလည်း စိတ်ဝင်စားစွာဖြင့် လေ့လာကြည့်ရှုကြသည်။ ဆွေးနွေးကြလေသည်။

ထို့အပြင် ဆိုရှယ်လစ်စီးပွားရေးကုန်ထုတ်လုပ်ငန်းအကြောင်း၊ ဆိုရှယ်လစ်စီးပွားရေးစနစ်တည်ဆောက်မှုတွင် အဓိကလိုအပ်ချက်ဖြစ်သော "ကုန်ထုတ်အရင်းအနှီးများ" အကြောင်း၊ စုပေါင်းထန်းလျက်ထုတ်လုပ်ရေးလုပ်ငန်းသည် ဆိုရှယ်လစ်စီးပွားရေးစနစ် ကုန်ထုတ်လုပ်ငန်း၏ အခြေခံမှုစနစ်ပင်ဖြစ်ကြောင်း။

ထန်းပင်သည် ထန်းလျက်ထွက်ရန်အတွက် ကုန်ကြမ်းရိုင်းဖြစ်ကြောင်း၊ ရင်းထောင်၊ ရင်းဆွဲ၊ ခေါး၊ မြူအိုး၊ ကြိုး၊ ဒယ်အိုး၊ ဒယ်ခွက်၊ ဖျဉ်းအိုး၊ ထင်းမီးနှင့် အဆောက်အအုံ တဲကြီး တဲငယ်များအစရှိသည်တို့သည် ကုန်ချောပစ္စည်းဖြစ်သော "ထန်းလျက်" ထွက်လာရန် "ကုန်ထုတ်အရင်းအနှီးများ" ဖြစ်ကြောင်း၊ တစ်ဖန် လူ၏ ကြံစည်တီထွင်မှု၊ ကျွမ်းကျင်စွာ လုပ်ဆောင်မှု၊ ကာယအားဉာဏအားများ၏ စွမ်းဆောင်ချက်များနှင့် ပေါင်းစပ်လုပ်ဆောင်မှုကြောင့် "ကုန်ထုတ်စွမ်းအားစု" ဖြစ်ပေါ်လာရကြောင်း။

ယင်းသို့ ကုန်ထုတ်စွမ်းအားစုဖြစ်ပေါ်လာအောင် လုပ်ဆောင်ရာဝယ် ခေါင်းပုံဖြတ် သွေးစုပ်မှုမရှိဘဲ စုပေါင်းလုပ်ပြီး စုပေါင်းပိုင်ဆိုင်ကာ ရရှိလာသော အကျိုးကျေးဇူးများကိုလည်း အချိုးကျ လုပ်အားတန်ဖိုးအရ အားလုံးဝေမျှယူကြကြောင်း စသည်ဖြင့် ဆိုရှယ်လစ်စီးပွားရေးစနစ်၏ အခြေခံမူဝါဒသဘောတရားများကို ညအိပ်ကာ ဆွေးနွေးကြလေသည်။

ထို့နောက် နံနက်ပိုင်းတွင် ကြက်မောက်တောင်ဆည်သို့လည်းကောင်း၊ နေ့လယ်ပိုင်းတွင် ပုပ္ပားသို့လည်းကောင်း သွားရောက်လည်ပတ်ကြည့်ရှုလေ့လာကြလေသည်။ အပြန်တွင် ကိုအေးဆွေက ချောက်မြို့ထိအောင် လိုက်ပို့လေသည်။ သို့ရာတွင် ကိုအေးဆွေသည် ချောက်မြို့တွင် ညအိပ်မနေတော့ပေ။ ကားကြုံစီး၍ပြန်လာသည်။ ကျောက်ပန်းတောင်းသို့ ညမှောင်မှပင် ပြန်ရောက်လေသည်။

ဆက်လက်ဖော်ပြပါမည်။

ဆရာမောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။
စာတည်း

# အသိပေးကြေညာချက်

ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲအနေဖြင့် ထီဖွင့်ပွဲများ၌ ဆုမဲများရွေးချယ်ရာတွင် သစ်သားစည်များအတွင်းမှ အက္ခရာနှင့်ဂဏန်းဝေါလီများကို လူပုဂ္ဂိုလ်များမှနှိုက်ယူ၍ ရွေးချယ်ဖွင့်လှစ်သည့် နည်းလမ်းအစား ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်နေ့တွင် ကျင်းပပြုလုပ်မည့် (၅၉)ကြိမ်မြောက် ကျပ် ၁၀၀၀တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲနှင့် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်း သိန်းဆုထီဖွင့်ပွဲမှ စတင်၍ နိုင်ငံတကာ အဆင့်မီ Air Blow Digital Machine စက်ဖြင့် ဆုမဲများရွေးချယ် ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန

## မွေးသက္ကရာဇ်အမှန်ဖြစ်ပါကြောင်း

ရန်ကုန်မြို့၊ တိုက်ကြီးမြို့နယ်၊ ဖိုးခေါင်အုပ်စု၊ ရွာသာရွာနေ ဦးသံချောင်း+ဒေါ်မြမြ တို့၏သမီး၊ ဒေါ်အိဖြူ (၁၂/တကန(နိုင်)၁၄၇၂၈၈)၏ မွေးသက္ကရာဇ်အမှန်မှာ (၂၂-၆-၁၉၈၅)မှာအမှန်ဖြစ်ပါကြောင်း။

ဒေါ်အိဖြူ
(၁၂/တကန(နိုင်)၁၄၇၂၈၈)

## ပျောက်ဆုံးကြောင်း

ကျွန်မ မထက်စုဝိုင်း [၁၄/ပသန(နိုင်)၀၈၈၈၄၀]၏ နိုင်ငံကူးလက်မှတ်စာအုပ်ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-09-762127292

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ကမ္ဘာအေးအိမ်ရာ၊ တိုက်အမှတ်(B-7)(ခ)(၁၄)၊နှစ်ခန်းတွဲ RC(၃)ထပ်တိုက်မှ မြေညီထပ်၊ (အခန်းအမှတ်(001)၊ (တိုက်မျက်နှာမူလက်ဝဲဘက်အခန်း)၊ ဧရိယာ(၈၀၀)စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်မြင့်မြင့်သန်း[၁၃/တကန(နိုင်)၀၁၅၅၈၂]အမည်ပေါက်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးဝင်းဗိုလ်[၁၂/ကမရ(နိုင်)၀၀၁၀၈၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးထက်အောင်ရဲ[၁၂/ဥကမ(နိုင်)၂၁၃၃၈၂]၊ ဒေါ်ယုမွန်သွယ် [၁၂/ဒဂန(နိုင်)၀၃၁၉၁၀] တို့မှအပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်းတိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက် ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးထက်အောင်ရဲ နှင့် ဒေါ်ယုမွန်သွယ်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမင်းစိုး LL.B,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)**
**Ph-09-450023651,09-793568375**
**အမှတ်(၂၀၁)၊ ဘရဏီလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂)ရပ်ကွက်၊ မြေကွက်အမှတ် (၉၅၂)၊ ပေါ်ဦး(၃)လမ်း၊ အကျယ်အဝန်း(၄၀x၆၀)ပေရှိ အမည်ပေါက် ဦးလောရင့်စ်စိုး(ဘ) ဦးထာစိုးအိ [၂/လကန (နိုင်)၀၉၄၇၈၀] ဟုခေါ်တွင်သော နှစ်(၆၀)ဂရန်မြေအမျိုးအစား အနက်မှ တရားဝင် မခွဲစိတ်ရသေးသည့် အကျယ်အဝန်းပေ (၂၀ x ၆၀)မြေကွက်အမှတ် (၉၅၁)နှင့်ကပ်လျက်ဂရန်မူရင်းခြမ်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ၎င်းအမည်ပေါက်ထံမှတစ်ဆင့် အရောင်းအဝယ် အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သီရိခိုင် [၁၂/ဥကတ(နိုင်)၀၁၆၅၀၀]မှ အရှုပ်အရှင်းမရှိ အမှန်တကယ် လက်ဝယ်ပိုင်ဆိုင်ကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန်ကမ်းလှမ်းပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မေသူလတ် [၁၂/မဂဒ(နိုင်)၁၃၀၆၄၈] မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် မြေကွက်တန်ဖိုး၏ တစ်စိတ်တစ်ဒေသ စရန်ငွေကို ပေးချေပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့် အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဖော်ပြပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်တင်တင်ဌေး(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၁၈၂၂)**
**အမှတ်(၈၃/၁၂)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၆၁၈၀၅၄၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ သုနန္ဒာလမ်း၊ လှိုင်မြင်းမိုရ်အိမ်ရာ၊ တိုက်အမှတ်(၂၉)၊ စတုတ္ထထပ်၊ အခန်းအမှတ်(၂၀)ဟုခေါ်တွင်သော အကျယ်အဝန်း (၂၅ပေx၃၅ပေ)ရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည် ပေါက်ကာ လက်ရှိထားပိုင်ဆိုင်သူ ဦးစိုင်းဖောင်ခမ်း [၉/မကန(နိုင်)၀၀၀၉၂၃]က အဆိုပါတိုက်ခန်းကို မိမိတစ်ဦးတည်းသာပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်နှင့်စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း၊ ပိုင်ဆိုင်မှုအရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံအဆိုပြုပြီးရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် သဘောတူညီသောကြောင့် အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေများအနက်မှ အချို့ကိုစရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အထက်ပါတိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၁၀)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား (မူရင်း)များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုတည်ဆဲဥပဒေများနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမြတ်မောင်ရှင်(LL.B, DBL, DIL, DML)**
**အထက်တန်းရှေ့နေ (စဉ်-၃၈၈၈၆)**
**အမှတ်-၈၈၊ မြေညီထပ်၊ (၃၈)လမ်း(အောက်ဘလောက်)၊ (၇)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၀၇၇၈၅၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/ရုံးရပ်၊ မြေကွက်အမှတ်(ပ-၁၂၂၁)ကိုအမည်ပေါက် ဦးလှရွှေ(ဘ) ဦးဝင်း၊ မှတ်ပုံတင်အမှတ် [၁၂/သလန(နိုင်)၀၆၄၃၅၆](ကွယ်လွန်)၏ အမွေခံဇနီးဖြစ်သူ ဒေါ်ရီရီလွင်(ဘ)ဦးလွန်းမောင်မှတ်ပုံတင်အမှတ်[၁၂/သလန(နိုင်)၀၃၄၀၇၇]မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်း၊ မြေငှားစာချုပ်(မိတ္တူ)၊ မြေငှားရမ်းခပြေစာ၊ အမည်ပေါက်၏ သေဆုံးမှုလက်မှတ်၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်နှင့်ရဲစခန်းထောက်ခံချက်၊ မြေပြင်အခြေအနေ ပြခတ်ပုံတို့တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီ များ အထောက်အထားခိုင်လုံစွာ တင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍(၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ညောင်တုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ဘောဂလမ်း၊ အမှတ်(၂၇၇)နေထိုင်သူများဖြစ်ကြသော ဦးဝင်းမောင် [၁၄/ဘကလ(နိုင်)၀၀၉၁၇၂]နှင့်ဒေါ်ခင်ဝင်းချို[၁၄/ဘကလ(နိုင်)၀၀၉၅၇၇]ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

လူကြီးမင်း မောင်ဟိန်းထက်[၁၄/ညတန(နိုင်)၁၆၁၀၉၄]ကိုင်ဆောင်သူသည် ကျွန်ုပ်၏မိတ်ဆွေများနှင့် သားတော်စပ်သူ ဖြစ်ပါသည်။ လူကြီးမင်းသည် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးဝင်းမောင်နှင့်ဒေါ်ခင်ဝင်းချိုတို့၏ ဆိုဆုံးမမှုကို လိုက်နာမှုမရှိဘဲ မိမိ၏ စိတ်သဘောအတိုင်းဆောင်ရွက်မှုများကြောင့် မိဘများအနေဖြင့် လူပုံအလယ်၌ ဂုဏ်သိက္ခာညှိုးနွမ်းခြင်း၊ စိတ်ဆင်းရဲဒုက္ခဖြစ်စေခြင်းတို့ကို အကြိမ်ကြိမ်ပြုလုပ်သဖြင့် ဆိုဆုံးမ၍မရသော သွာနုတ္တနှင့် တူသည့်သားမျိုးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤကြော်ငြာစာပါသည့်နေ့မှစ၍ မောင်ဟိန်းထက်အား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီ ဖြစ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်မယူပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
မှတ်ချက်-မေးမြန်းစုံစမ်းခြင်းသည်းခံပါ။

**ဦးဝင်းမောင်[၁၄/ဘကလ(နိုင်)၀၀၉၁၇၂]နှင့်ဒေါ်ခင်ဝင်းချို[၁၄/ဘကလ(နိုင်)၀၀၉၅၇၇]ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မို့မို့နှင်း(LL.B, DBL)အထက်တန်းရှေ့နေ (စဉ်-၄၇၅၅၀)**
**အမှတ်(၁၃၈)၊ သုမင်္ဂလာလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၁၇၄၂၈၅၈**

## ပြင်ဆင်မှုဆိုင်ရန် ချိန်းဆိုသည့် နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူများသို့ အကြောင်းကြားစာ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၂၀၂၃ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၆၅၈

ဒေါ်မြင့်မြင့်သန်း နှင့် ၁။ ဦးဇော်မျိုးလွင်(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးဝင်းကျော်)
၂။ ဦးတင်ထွန်းအောင်

**(လျှောက်ထားသူ)** **(လျှောက်ထားခံရသူများ)**

၂၀၂၃ ခုနှစ်၊ စက်တင်ဘာ လ ၁၅ ရက်စွဲပါ မရမ်းကုန်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၅/၂၀၂၃ အမှုတွင် ချမှတ်သောအမိန့်ကို ပြင်ဆင်မှု။

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ခနသိဒ္ဓိလမ်း၊ အမှတ်(၄၂) နေ လျှောက်ထားခံရသူအမှတ်(၁) ဦးဇော်မျိုးလွင် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးဝင်းကျော်) (ယခု နေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် မရမ်းကုန်းခရိုင်တရားရုံးတော်မှ ချမှတ်သည့်အမိန့်ကို လျှောက်ထားသူမှ ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုပြင်ဆင်မှုကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်( ၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်) တွင် ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေ ဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင် ဆုံးဖြတ်လိမ့်မည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ( ၂၉ ) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သီတာကျော်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃/မာန်ပြေ၊ မြေကွက်အမှတ်-၃၆၅/က၊ ဧရိယာ(၂၀'x၆၀')၊ မြေကွက်တည်နေရာအမှတ်-၃၆၅/က၊ မာန်ပြေ(၈)လမ်း၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ် (ဦးလှတင်)(CI-၀၄၁၄၂၄) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန် မြေအားအမည်ပေါက် ဦးလှတင်(CI- 041 424)(ဖခင်)နှင့် မိခင်ဖြစ်သူ ဒေါ်ပေါ်(ခ)ဒေါ်လှမြင့်တို့ ကွယ်လွန်သဖြင့် သားဖြစ်သူ ဦးခင်မောင်ရင် [၁၂/သကတ(နိုင်)၀၃၄၀၃၄]မှ ကွယ်လွန်သူ မိဘများတွင် မိမိတစ်ဦးတည်းကိုသာမွေးဖွားခဲ့ပြီး အခြားသောသား/သမီးမွေးချင်းတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ အခြားကိတ္တိမမွေးစားသား/သမီးများလည်း မွေးစားထားခဲ့ခြင်းမရှိကြောင်း တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဦးလှတင်နှင့်ဒေါ်ပေါ်(ခ)ဒေါ်လှမြင့်တို့၏သေစာရင်း၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သွေးသည် အသက်

## သက်ဆိုင်သူနှင့် အများသိစေရန်

ကျွန်ုပ်၏ အမှုသည်ဖြစ်သော ရှကီလာဟ်ဘီ (ခ) မခင်နီလာသိန်း (ဘ) ဦးမြသိန်း [၁၂/ပဇတ(နိုင်)၀၃၅၅၄၉]အမှတ်- ၃၆/ဘီ၊ (၅၄) လမ်း၊ (၂) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ နေထိုင်သူမှ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်၏အမှုသည် ရှကီလာဟ်ဘီ (ခ) မခင်နီလာသိန်း သည် (၂၉-၅-၂၀၂၂) နေ့က (ဘ) ဦးမုဒမ္မဒ်ဟုစိုင်းန်၏ သားဖြစ်သူ အွဗ်ဒွရ်ရဇ္ဇားက် (ခ) သီဟကျော် [၁၂/ဗတထ(နိုင်)၀၄၅၅၂၀] နှင့် နေကာဟ်ပြုထိမ်းမြားခဲ့ပြီး သားသမီးထွန်းကားခြင်းမရှိပါ။ ယခုအခါ နှစ်ဦးနှစ်ဖက် စိတ်သဘောထားတိုက်ဆိုင်ခြင်းမရှိတော့သဖြင့် (၂၆-၁-၂၀၂၄) ရက်နေ့တွင် မြန်မာ မွတ်စလင်သာသနာ့ပညာရှင်များ အဖွဲ့ချုပ် (ဗဟို) ရုံးခန်း၌ အသိသက်သေများရှေ့တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်၍ တစ်ဦးနှင့်တစ်ဦး မည်သည့်ကိစ္စရပ်နှင့်မျှ ပတ်သက်မှု မရှိတော့ပါ။ ထို့ကြောင့် ကျွန်ုပ်အမှုသည်၏ ကိုယ်ရေးကိုယ်တာ ကိစ္စများနှင့်ပတ်သက်၍ လူကိုယ်တိုင်သော်လည်းကောင်း၊ ဆက်သွယ်ရေးကွန်ရက် တစ်ခုခုပေါ်တွင် လည်းကောင်း ဂုဏ်သိက္ခာကျဆင်းစေကာ စိတ်အနှောင့်အယှက်ဖြစ်စေမည့် လုပ်ဆောင်ချက်များ၊ ကျွန်ုပ်အမှုသည်၏ မိသားစုအသိုင်းအဝိုင်းအား ထိခိုက်နစ်နာစေမည့် ကိစ္စရပ်များကို ပြုမူဆောင်ရွက် ခွင့်မရှိကြောင်းနှင့် ယင်းသို့ပြုမူခဲ့ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သက်ဆိုင်သူနှင့် အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးဇော်မင်းဦး LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၂၇၆/၂၀၂၁)**
**အမှတ်-၁၅၃၊ (၅-လွှာ/အေ)၊ ဆိပ်ကမ်းသာလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၄၈၆၆၄၀၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ကျွန်ုပ်မိတ်ဆွေ ဒေါ်အိရွှေဇင်သော်[၁၂/လမန(နိုင်)၁၅၂၅၃၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၃၄)၊ မြေကွက်အမှတ်(၇၆၇)၊ အကျယ်အဝန်း(၀.၀၅၅)ကေရှိ ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည်ပါမစ် အမည်ပေါက် ဒေါ်ခင်ချစ် AA-006637 ထံမှ အရပ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားသူ ဦးဇင်မျိုးသန့်[၁၂/ဒဂမ(နိုင်)၀၃၂၈၅၂]နှင့် ဒေါ်ခင်စန္ဒာထွန်း [၁၀/မဒန(နိုင်) ၁၁၇၇၉၄]တို့မှ မိမိသာလျှင် တရားဝင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ဖော်ပြပါမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အခြားသူတစ်ဦးတစ်ယောက်အား ရောင်းချ၊ ပေါင်နှံ၊ စွန့်လွှတ်၊ ပေးကမ်း၊ လှူဒါန်းထားခြင်းတို့မှ ကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေထံ လွှဲပြောင်းရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား (စရန်ငွေ)အဖြစ် ဒေါ်ခင်စန္ဒာထွန်းထံ ပေးချေထားပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှစ၍ (၇ရက်)အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါမြေကွက်၏ အရောင်းအဝယ်ကိစ္စရပ်များအား ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆုမြတ်အောင်(တရားလွှတ်တော်ရှေ့နေ) စဉ်-၈၄၅၇**
**LL.B, D.B.L, D.I.L, D.I.P.L, D.I.R, Dip in Global English**
**PGDCWE, DL-DIP(101, 202, 302, 317)(Switzerland)**
**အမှတ်(၁၃၂၅)၊ ရွှေပြည်သာ(၆)လမ်း၊ (၃၂)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**ဖုန်း-၀၉-၅၀၂၅၅၈၃၊ ၀၉-၉၆၅၀၂၅၅၈၃**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## ကျောင်းနှင့် ဌာနများတွင် လစ်လပ်လျက်ရှိသော အမှုထမ်းရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ တိုင်းဒေသကြီး/ပြည်နယ်/နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံ၊ အစိုးရနည်းပညာအထက်တန်းကျောင်းနှင့် ဌာနများအတွက် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံပြီး လျှောက်ထားလိုသူများသည် လျှောက်လွှာများကို မိမိနှင့်နီးစပ်ရာ တိုင်းဒေသကြီး/ပြည်နယ်/နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ ကျောင်းနှင့် ဌာနများတွင် လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| စဉ် | ရာထူး၊ လစာနှုန်း | ပညာအရည်အချင်း | ခန့်အပ်မည့် ဦးရေ |
|---|---|---|---|
| (က) | စာရင်းကိုင်(၄) (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | စီးပွားရေးဆိုင်ရာ ဘွဲ့တစ်ခုခုရရှိသူ | (၅၀)ဦး |
| (ခ) | အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ဘွဲ့တစ်ခုခုရရှိသူ | (၈၀)ဦး |
| (ဂ) | ရုံးအကူ (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | အခြေခံပညာ အလယ်တန်း အောင်မြင်ပြီးသူ | (၄၀)ဦး |
| (ဃ) | အစောင့် (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | အခြေခံပညာ မူလတန်းအဆင့်ရှိသူ | (၁၅)ဦး |
| (င) | သန့်ရှင်းရေးအကူ (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | အခြေခံပညာ မူလတန်းအဆင့်ရှိသူ | (၁၅)ဦး |
| | စုစုပေါင်း | | (၂၀၀)ဦး |

၂။ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများအား အလုပ်လျှောက်လွှာခေါ်ယူသွား မည်ဖြစ်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) စာရင်းကိုင်(၄)ရာထူးနှင့် အငယ်တန်းစာရေးရာထူးနေရာများအတွက် လျှောက်ထားသူများသည် ၂၉-၂-၂၀၂၄ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး (၄၂)နှစ်ထက် မကျော်သူ ဖြစ်ရမည်။

(ဂ) ရုံးအကူရာထူး၊ အစောင့်ရာထူးနှင့် သန့်ရှင်းရေးအကူရာထူး နေရာများအတွက် လျှောက်ထားသူများသည် ၂၉-၂-၂၀၂၄ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး (၄၂)နှစ်ထက် မကျော်သူ ဖြစ်ရမည်။

(ဃ) လုပ်ငန်းလိုအပ်ချက်အရ တိုင်းရင်းသားဒေသခံများကို ဦးစားပေး ရွေးချယ် ခန့်ထားမည်။

(င) ဝန်ထမ်းအဖြစ် ခန့်ထားခြင်းခံရပါက နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနတွင် တစ်ဆက်တည်း လုပ်သက် အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(စ) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(ဆ) ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများ တက်ရောက်နိုင်သူ ဖြစ်ရမည်။

(ဇ) စာရင်းကိုင်(၄)ရာထူးနှင့် အငယ်တန်းစာရေးရာထူးနေရာများ အတွက် လုပ်ငန်းသဘော သဘာဝအရ ကွန်ပျူတာကျွမ်းကျင်သူများအား ဦးစားပေးရွေးချယ်သွားမည်။

(ဈ) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။

(ည) အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်။

၃။ လျှောက်ထားလိုသူများသည် လျှောက်လွှာပုံစံများအား သတင်းစာကြော်ငြာပါသည့်နေ့မှစ၍ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ Website www.dtvet.gov.mm တွင် download ရယူ၍ သော်လည်းကောင်း၊ နီးစပ်ရာ အစိုးရနည်းပညာကောလိပ်၊ သိပ္ပံ၊ ကျောင်းနှင့် ဌာနများတွင် လျှောက်လွှာများကို ထုတ်ယူ၍သော်လည်းကောင်း အောက်ဖော်ပြပါ စာရွက်စာတမ်းများ ပူးတွဲလျက် ၁၃-၂-၂၀၂၄ ရက်နေ့ နောက်ဆုံးထား၍ နီးစပ်ရာကျောင်းများသို့ တိုက်ရိုက်တင်သွင်း လျှောက်ထားရမည်-

(က) ဘွဲ့လက်မှတ်မိတ္တူ၊ အခြေခံပညာအလယ်တန်းအောင်မြင်ကြောင်း ထောက်ခံချက်မိတ္တူ၊ အခြေခံပညာမူလတန်းအောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်း၏ ထောက်ခံချက် မိတ္တူ။

(ခ) (၆)လအတွင်းရိုက်ထားသော ပတ်စပို့ဓာတ်ပုံ(၃)ပုံ၊ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူ။

(ဂ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ဌာနအဖွဲ့အစည်းအကြီးအမှူး၏ ခွင့်ပြု ကြောင်း ထောက်ခံချက်မူရင်း။

(ဃ) ဝန်ထမ်းမဟုတ်သူများအတွက် သက်တမ်းရှိ အလုပ်သမားမှတ်ပုံတင် မိတ္တူ။

(င) (၁)လအတွင်းပြုလုပ်ထားသောကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံစာ မူရင်း။

(စ) (၁)လအတွင်း ပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်း။

(ဆ) လျှောက်လွှာပိတ်ရက် မတိုင်မီ (၁)လအတွင်း ရရှိထားသည့် ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံချက်မူရင်း။

၄။ လျှောက်ထားသူသည်ဝန်ထမ်းဖြစ်ပါက မိမိတာဝန်ထမ်းဆောင်နေသည့် ဌာနမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီးမှ လျှောက်ထားရန်ဖြစ်ပြီး အချိန်မီစေရန် လျှောက်လွှာ တစ်စောင်ကို ကြိုတင်မိတ္တူဟုရေးသားပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနသို့ ပေးပို့နိုင်ပါသည်။

၅။ အရည်အချင်းသတ်မှတ်ချက်နှင့် ကိုက်ညီသည့် လျှောက်ထားသူများသည် မိမိလျှောက်လွှာ တင်သွင်းခဲ့သည့် သက်ဆိုင်ရာ ကောလိပ်၊ သိပ္ပံ၊ ကျောင်းနှင့် ဌာနများတွင် ရေးဖြေစာမေးပွဲ ဝင်ရောက် ဖြေဆိုပြီး လူတွေ့စာမေးပွဲ ဖြေဆိုရမည်။

၆။ ရုံးအကူရာထူး၊ အစောင့်ရာထူးနှင့် သန့်ရှင်းရေးအကူရာထူးနေရာများ အတွက် လျှောက်ထားသူများကို လူတွေ့စစ်ဆေးမှု ပြုလုပ်မည် ဖြစ်ပါသည်။

၇။ လူတွေ့စစ်ဆေးချိန်တွင်(ဘွဲ့လက်မှတ်/ အခြေခံပညာအလယ်တန်းအောင်မြင်ကြောင်းထောက်ခံချက်၊ အခြေခံပညာမူလတန်းအောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်း၏ ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ အလုပ်သမားမှတ်ပုံတင်) မူရင်းများ တင်ပြနိုင်ရမည်။

၈။ အလုပ်ခန့်အပ်ခြင်းခံရသူများစာရင်းအား Website www.dtvet.gov.mm နှင့် နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်၊ သိပ္ပံ၊ ကျောင်းနှင့် ဌာနများတွင် ကြေညာသွားမည် ဖြစ်ပါသည်။

၉။ လျှောက်လွှာနှင့် စပ်လျဉ်း၍ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းအချက်အလက်မပြည့်စုံသူများနှင့် သတ်မှတ်ထားသော ရက်ထက် နောက်ကျ ရောက်ရှိလာသော လျှောက်လွှာများကို (လုံးဝ)လက်ခံစဉ်းစားမည် မဟုတ်ပါ။

၁၀။ ရေးဖြေစာမေးပွဲ ဖြေဆိုခွင့်ကတ်ပြားများကို ၁၅-၂-၂၀၂၄ ရက်နေ့နှင့် ၁၆-၂-၂၀၂၄ ရက်နေ့များတွင် မိမိတို့လျှောက်ထားခဲ့သည့် ကျောင်းနှင့် ဌာနများ၌ ရုံးချိန်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အတူ ကာယကံရှင် ကိုယ်တိုင် လာရောက်ထုတ်ယူရမည် ဖြစ်ပါသည်။

၁၁။ အလုပ်လျှောက်ထားသူများအား လူတွေ့စစ်ဆေးခြင်းကို ၁၉-၂-၂၀၂၄ ရက်နေ့ မှ ၂၁-၂-၂၀၂၄ ရက်နေ့အထိ နံနက်(၉:၀၀)နာရီအချိန်တွင် ကျင်းပဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၁၂။ ရေးဖြေစာမေးပွဲ စစ်ဆေးမှုအား အောက်ဖော်ပြပါအတိုင်း ကျင်းပသွားမည် ဖြစ်ပါသည်-

| စဉ် | ဖြေဆိုရမည့်ဘာသာရပ် | နေ့ရက် | အချိန် |
|---|---|---|---|
| (က) | မြန်မာစာ | ၁၇-၂-၂၀၂၄ | နံနက် ၁၀:၀၀နာရီ မှ ၁၂:၀၀နာရီ အထိ |
| (ခ) | အထွေထွေဗဟုသုတ | ၁၇-၂-၂၀၂၄ | မွန်းလွဲ ၁:၀၀နာရီ မှ ၃:၀၀နာရီ အထိ |
| (ဂ) | အင်္ဂလိပ်စာ | ၁၈-၂-၂၀၂၄ | နံနက် ၁၀:၀၀နာရီ မှ ၁၂:၀၀နာရီ အထိ |

မှတ်ချက်။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက မိမိလျှောက်ထားသည့် သက်ဆိုင်ရာ အစိုးရနည်းပညာကောလိပ်၊ သိပ္ပံ၊ ကျောင်းနှင့် ဌာနများတွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်နေ မောင်ကျော်နိုင် [၁၂/ဒပန(နိုင်)၀၇၃၈၉၃]၏ ဖခင် ဦးယာကုပ်[၁၂/ဒပန(နိုင်)၀၇၃၁၀၄] နှင့် ဦးယာကွတ်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၁/ဥတ္တရသီရိ မြောက်ရပ်၊ မြေဧရိယာ(၀.၀၅၅)ဧက၊ မြေကွက်အမှတ်(ဥ-၇၄၇၈)၊ ဒေါ်အေးမွန်စီ အဖအမည် ဦးအောင်မြ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၅/ကလန(နိုင်)၀၂၈၄၈၀]အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်ခင်ယုံ အဖအမည် ဦးစိန်ပန်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၀/ကထန(နိုင်)၀၀၉၅၀၆]မှ မြေပေးမိန့်မူရင်း၊ မြေကွက် အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန် မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရက်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက် မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက် မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## “အများသိစေရန်ကြေညာခြင်း”

မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ တောင်ဝိုင်းလမ်း၊ အမှတ်(၂၈)နေ ဒေါ်သီသီအေး(ဘ)ဦးတင်ဝင်း [၁၀/မလမ(နိုင်)၁၀၉၁၉၃]ကိုင်ဆောင်သူမှ မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ တောင်ဝိုင်းလမ်း၊ အမှတ်(၁၇/က)နေ ဦးငြိမ်းချမ်းဦး(ဘ)ဦးခင်မောင်ဦး [၁၀/မလမ(နိုင်)၂၃၉၆၆၃]ကိုင်ဆောင်သူတို့မှာ အဒေါ်နှင့်တူတော်စပ်ကြပြီး၊ ဒေါ်သီသီအေးမှ တူဖြစ်သူ ဦးငြိမ်းချမ်းဦးအား မော်လမြိုင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌(၄-၂-၂၀၂၂) ရက်နေ့တွင် စာချုပ်မှတ်ပုံတင်အမှတ်-၂၂၄/၂၀၂၂ ဖြင့် ကိတ္တိမသားအဖြစ် တရားဝင်မွေးစားခဲ့ပါသည်။

အဆိုပါ “အမွေစားအမွေခံကိတ္တိမသားအဖြစ်မွေးစားခြင်းစာချုပ်”၊ စာချုပ်မှတ်ပုံတင်အမှတ်-၂၂၄/၂၀၂၂ အား ယနေ့ကြော်ငြာချက်ထုတ်သည့် နေ့ရက်မှစ၍ ခြွင်းချက်မရှိ ပြန်လည်ဖျက်သိမ်းပြီး မွေးစားခြင်းအား ရုပ်သိမ်းလိုက်ပြီဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်သီသီအေး(ဘ)ဦးတင်ဝင်း**
**[၁၀/မလမ(နိုင်)၁၀၉၁၉၃]**
**အမှတ်(၂၈)၊ တောင်ဝိုင်းလမ်း၊ ဈေးကြိုရပ်ကွက်၊ မော်လမြိုင်မြို့။**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ ၂၀)
## မရမ်းကုန်းခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၅၆

Family United Power Group of Co., Ltd. (ကုမ္ပဏီ၏ကိုယ်စား ဦးထွန်းထွန်းဦး၊ အထွေထွေမန်နေဂျာ) **(တရားလို)** နှင့် ၁။ ဦးလှဦး ၂။ ဦးကျော်နိုင်ဝင်း **(တရားပြိုင်များ)**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမောက်မြို့နယ်၊ ဟဲချိန်ကျေးရွာ၊ ဟဲချိန်ကျေးရွာအုပ်စုရပ်နေ(၁)တရားပြိုင် ဦးလှဦး (ယခုနေရပ်လိပ်စာမသိ) နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမောက်မြို့နယ်၊ ပေကုန်းကျေးရွာ၊ နန့်စီအောင်အုပ်စုရပ်နေ (၂)တရားပြိုင် ဦးကျော်နိုင်ဝင်း (ယခုနေရပ်လိပ်စာမသိ) တို့သိစေရမည်။

သင့်အပေါ်၌ တရားလို Family United Power Group of Co.,Ltd (ကုမ္ပဏီ၏ကိုယ်စား ဦးထွန်းထွန်းဦး၊ အထွေထွေမန်နေဂျာ)က စက်ယန္တရား(၁)စီး လက်ရောက်ရလိုမှု(သို့မဟုတ်)စက်ယန္တရား ၏မူလတန်ဖိုးငွေ-၂၇၃၀၀၀၀၀၀/- ရလိုမှုနှင့် စက်ယန္တရားငှားရမ်းခ ကျန်ငွေ + နောက်ကျနစ်နာကြေးငွေ စုစုပေါင်းငွေ-(၁၀၆၂၈၉၄၀၀/-)ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ ရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်လက်များကိုချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၅)ရက် (၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်)နေ့မွန်းမတည့်မီ ၁၀ နာရီ အချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ(၂၆)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မျိုးမင်းအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မရမ်းကုန်းခရိုင်တရားရုံး**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းအား ပြန်လည်ရုပ်သိမ်းခြင်း

ကျွန်မ ဒေါ်သင်းသင်းနိုင်[၁၂/အလန(နိုင်)၀၃၈၁၈၃] သည် သားဖြစ်သူ လွင်မိုးအောင်[၁၂/အလန(နိုင်)၀၅၁၆၀၅] အား ၂၀-၄-၂၀၁၈ ရက်တွင် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းအား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းပါသည်။

**ဒေါ်သင်းသင်းနိုင်[၁၂/အလန(နိုင်)၀၃၈၁၈၃]**

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၂ / ပန်းလှိုင်(Bamboo Grove Villas)၊ မြေကွက်အမှတ် (၁၁၃/B)၊ ဧရိယာ(၀.၁၇၇)ဧက၊ နှစ်(၆၀) မြေငှားစာချုပ် အမည်ပေါက်မှာ ဒေါ်အေးအေးမြင့် ဖြစ်ပါသည်။ အဆိုပါ မြေကွက်၏ အမည်ပေါက်ထံမှ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်သဇင်မြင့်[၉/ခအဇ (နိုင်) ၀၁၄၃၁၁]မှ ကိုယ်စားလှယ်လွှဲစာအမှတ်၊ ၃၅၇၅/၂၀၂၂၊ နေ့စွဲ(၄-၃-၂၀၂၂) နှင့်ကျမ်းကျိန်လွှာအမှတ်စဉ် (၁/ ၁၃၇၃/၂၀၂၄)၊ နေ့စွဲ (၂၄-၁-၂၀၂၄)တို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား (မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ဤဌာနသို့လာရောက်ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဇေယျ(၈)လမ်း၊ အမှတ်(၃၅၁/ခ)ရှိ တစ်ခန်းတည်း RC (၆)ထပ်တိုက်မှ ပထမထပ် (၂)လွှာ၊ အခန်းဧရိယာ(၉၅၄) စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ် အားလုံးကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးလှိုင်ဝင်းကြည် [၁၂/ဗဟန(နိုင်)၀၂၇၉၅၆]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဦးချစ်ဦးဇော် [၁၂/ဥကတ(နိုင်)၁၇၇၈၅၉]က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား (မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးချစ်ဦးဇော်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်သိန်း(LL.B)** **ဒေါ်မေမီလှိုင် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၄၃၂) တရားလွှတ်တော်ရှေ့နေ(စဉ်-၉၇၆၅)**
**ဖုန်း-၀၉-၅၄၀၁၉၄၀** **ဖုန်း-၀၉-၄၂၈၂၂၇၃၁၃**
**အမှတ်(၁၆၅)၊ ပထမထပ်၊ (၃၈)လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅၃)၊ မြေကွက်အမှတ် (၁၄၃၃)၊ မြေကွက်တည်နေရာအမှတ်(၁၄၃၃)၊ ၁၅၃ရပ်ကွက်၊ ဒဂုံတောင်၊ ဦးခင်မောင်(ISN-၄၃၅၇၂၄) အမည်ပေါက်ပါမစ်မြေအား အမည်ပေါက်ဦးခင်မောင်ထံမှ အရောင်းအဝယ် အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူသူ ဒေါ်နုနုရီ [၁၂/သဃက(နိုင်)၀၆၆၃၆၄]၊ အရပ်ကတိစာချုပ်၊ ပါမစ်မူရင်း၊ မိသားစုဓာတ်ပုံ၊ ရွှေ့ပြောင်းမည့်သူများ၏ရာဇဝင်အကျဉ်းချုပ်၊ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်၊ မြေနေရာချထားပေးခံရ သူများ၏မှီခိုသူများစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ နှစ် (၆၀)မြေငှား ဂရန်လျှောက်ထားခြင်းအားမြေပြင် ကွင်းဆင်းစစ်ဆေးရာ (၁)ထပ် ထရံကာသွပ်မိုး အဆောက်အဦရှိပြီးလူနေထိုင်ခြင်းမရှိ၍ ဒေါ်နုနုရီမှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါ သဖြင့်ဒေါ်နုနုရီ၏ နှစ်(၆၀)မြေငှားဂရန်လျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြော်ငြာခြင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၉၉/က- သီရိမင်္ဂလာစီမံချက်၊ မြေကွက်အမှတ်-စ/၇၉-ခ၊ ဧရိယာ(၀.၃၀၄) ဧက၊ မြေကွက်တည်နေရာအမှတ်-(စ/၇၉/ခ)ဆန်းသစ်ဦးလမ်း၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ မဂ္ဂါမြတ်ဆူဇန်လထော်[၁၂/စခန(နိုင်)၀၅၈၆၅၉] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် မဂ္ဂါမြတ်ဆူဇန်လထော်[၁၂/စခန(နိုင်)၀၅၈၆၅၉]မှ နှစ်(၆၀) မြေငှားစာချုပ်ဂရန်မူရင်းမှာပျောက်ဆုံးသွားကြောင်း၊ သက်ဆိုင်ရာရပ်ကွက် ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်၊ အဆိုပါဂရန် မူရင်းမှာ နေအိမ်တွင် အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်းတို့ လုံးဝမရှိပါကြောင်းနှင့် အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းမည်ဖြစ်ကြောင်း ဝန်ခံကတိပြုကတိသစ္စာပြုလွှာ-၃/၂၆၂၉/၂၀၂၂(၂၃-၃-၂၀၂၂) တင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာခြင်းအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခွင့်ပြုပြီးဖြစ်ပါသဖြင့် အမှုတွဲအမှတ်-အစ-အထူးဂရန်/၅/၉၉ဖြင့် (၃၀-၄-၉၉) ရက်နေ့တွင် မူလကထုတ်ပေးခဲ့သည့် မဂ္ဂါမြတ်ဆူဇန်လထော်[၁၂/စခန(နိုင်) ၀၅၈၆၅၉]အမည်ပေါက် နှစ်(၆၀) မြေငှားဂရန် (မူရင်း)အား ပယ်ဖျက်ပြီး ဖြစ်ပါကြောင်းအသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၁၃၈၊ မြေကွက်တည်နေရာအမှတ်-၁၃၈၊ အနော်မာလမ်း၊ မြေတိုင်းရပ်ကွက် ၁၃၊ တောင်ဥက္ကလာပမြို့နယ်(ဒေါ်ခင်စိန်[၁၂/ဥကတ(နိုင်)၀၆၈၄၂၄])အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်စိန်(မိခင်)နှင့် ဦးမြင့်ဆွေ(ဖခင်) တို့ကွယ်လွန်သဖြင့် ဦးဝင်းနိုင်[၆/ကသန(နိုင်) ၀၀၅၀၁၈](S/OKA-၀၅၀၁၉၆)၊ ဦးလှနိုင်[၁၂/ဥကတ(နိုင်)၀၆၈၃၈၇]၊ ဦးကျော်ကျော်[၁၂/ဥကတ(နိုင်)၀၆၈၄၂၈] တို့မှ သားများတော်စပ်ကြောင်း ကျမ်းကျိန်လွှာအမှတ်-၉၆၄/၂၀၂၃(၅-၉-၂၀၂၃)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ အိမ်ထောင်စုစာရင်း၊ သေစာရင်း၊ ဝန်ဆောင်ခတို့တင်ပြ၍ ၎င်းတို့ထံမှ GP ရရှိသူ ဒေါ်အေးအေးအောင်[၁၂/တတန(နိုင်)၁၆၇၁၄၀]မှ ကိုယ်စားလှယ်လွှဲစာအမှတ်၊ ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ ပိုင်ဆိုင် ကြောင်းနှင့် အရောင်းမြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄) ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၊ မြေကွက်အမှတ်-(၈၃၅/ခ)၊ စာဂလမ်း၊ ဧရိယာ (၂၀ပေx၆၀ပေ) ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံခန့်ခွဲမှုဌာန မြို့မြေစာရင်းတွင် မူလအမည်ပေါက်သူ ဒေါ်သဲစုမွန်ထွဋ် အမည်ဖြင့် မှတ်သားတည်ရှိသည့် နှစ် (၆၀)ဂရန်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်ကတိစာချုပ်ဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ချမ်းမြအေး [၁၁/တကန(နိုင်)၀၆၃၆၄၉]က တရားဝင်ပိုင်ဆိုင်၍ စီမံခန့်ခွဲပိုင်ခွင့်ရှိပြီး အရှုပ်အရှင်း လုံးဝကင်းရှင်းပါကြောင်း ဝန်ခံကတိပြု၍ ရောင်းချလိုပါကြောင်း ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးအောင် [၁၂/လမတ(နိုင်)၀၀၂၈၄၄] မှလည်း ဝယ်ယူရန် သဘောတူညီပြီး မြေကွက်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

သို့ပါ၍ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းထွေး (LL.B)** **ဒေါ်ကေခိုင်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၈၅၇၄) အထက်တန်းရှေ့နေ(စဉ်-၃၅၂၁၃)**
**အမှတ်- ၁၄၂ ၊ ပထပ် (ယာ)၊ (၃၉) လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၅၄၅၃၀၈၁၂ ၊ ၀၉-၇၅၉၀၄၀၆၆၅**

### စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
### ပြည်တွင်းအခွန်များဦးစီးဌာန
### အောင်ဘာလေသိန်းဆုဌာနခွဲ
### ကြေညာချက်
### (ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ လ ၃၁ ရက်)

ယာယီ

၁။ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် ကျင်းပမည့် (၅၉) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ထီလက်မှတ်များကို **“ က ” အက္ခရာမှ အစဉ်လိုက် “ ဈ ” အက္ခရာအထိ** စုစုပေါင်း အက္ခရာ (၉) လုံးအပေါ်မှ ၇၅% ကို ခွဲဝေရောင်းချရာတွင် ထီစာအုပ် (၅၅၂၂၇၆) အုပ်အား ရောင်းချနိုင်ခဲ့ပါသည်။

၂။ ထီလက်မှတ်များ ရောင်းချရငွေမှာ ကျပ် သန်း (၅၅၂၂.၇၆၀) ဖြစ်သဖြင့် ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ် သန်း ( **၃၈၆၅.၉၃၂**) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (**၂၅၀.၀၀၀**) ကို ပြန်လည်ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

(က) **အထူးဆုကြီး**

| | | | | |
|---|---|---|---|---|
